
HEOLOGICAL COLLEG
YANGO

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

မဂ္ဂဇင်း



၉၅ ၊ ၉၆ နှစ်လည်

# သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်

၄၅/၄၆ ဒုတိယလှည်

THEOLOGICAL COLLEGE
ANGON.

မဂ္ဂဇင်း

## မာတိကာ

| စာမျက်နှာ | |
|---|---|
| ၂ | ဥယျာဉ်ခင်ဦ<br>*ကျောင်းအုပ်* |
| ၃ | ရွှေကျောင်းတော်ဆင်းသံနှိုးဩဘ်<br>*မောင်စိုးကို* |
| ၄ | ရှာလုပ်နှင့်ပတ်သတ်၍<br>*ဘုန်းတော်ကြီးစောမောင်ဒို* |
| ၆ | မေတ္တာကြွေး၏နောက်ဆက်တွဲ<br>*ဝင်းနန္ဒာထွန်း* |
| ၇ | ဝေဒနာမှလွတ်မြောက်ခြင်း<br>*ဘုန်းတော်ကြီးဒေးဗစ်သန်းလွင်* |
| ၈ | အနာမခံ အသာမစံ<br>*ဘုန်းတော်ကြီးအက်စ်ထန်အုပ်* |
| ၁၂ | အပြစ်ကင်းသောအပြစ်သားနှင့် အပြစ်ရှိသောဖြောင့်မတ်သူများ<br>*စံဘုန်းရှည်* |
| ၁၄ | A LETTER FROM FATHER<br>**ZAW TUN** |
| ၁၅ | သက်သေခံချက်<br>*မာသ (ဗေသနီ)* |
| ၁၇ | ကောင်းမှုတို့သံသရာ<br>*မောင်ဆုရှင်* |
| ၂၀ | ခရစ်ယာန်အသက်တာနှင့် ပေါင်းသင်းဆက်ဆံမှု<br>*ဦးအောင်လှထွန်း* |
| ၂၆ | အို ------ ဒီလိုလား<br>*ချင်းလေး (ပလက်ဝ)* |
| ၂၉ | ရေမျှောပန်းပွင့်<br>*စောနေ* |
| ၃၂ | ဟောရေ့နဲ့ဂေါ်မာ<br>*ချင်းလေး (ပလက်ဝ)* |
| ၃၆ | ရေပြာကိုပိုက်ထန်<br>*ရဲဇော်ထူး* |
| ၄၁ | လွမ်းလို့မငိုနဲ့တော့လေ<br>*စောဂျက် (ကေတုမြေ)* |
| ၄၃ | လှပသောမျက်ရည်စက်များ<br>*နေဝါထွန်း* |
| ၄၇ | ယုန်ကလေးနှင့် နှင်းဆီပုံပြင်<br>*ဒီဇင်ဘာမွန်း* |
| ၅၁ | နှိမထွက်သောသားမြတ်၌ မင်္ဂလာရှိစေသော<br>*မိုးဆမ်းပန်း* |
| ၅၆ | စမ်းရေအေးသလို ပန်းလိုမွှေးသလို<br>*ပြည့်ငြိမ်းအေး* |

- အယ်ဒီတာချုပ် ------- ဘုန်းတော်ကြီးအက်စ်ထန်အုပ်
- တာဝန်ခံအယ်ဒီတာ ---- ဘုန်းတော်ကြီးစောမောင်ဒို
- တည်းဖြတ်မှုဒယ်ဒီတာ --- နေဝါထွန်း၊ ဝင်းနန္ဒာထွန်း
- မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း - ညီညီငယ်၊ ဂျိုနသန်
- ကာတွန်း: ------------ ဂျိုနသန်၊ ရှုးခေါ်
- ပြင်ပဆက်သွယ်မှုတာဝန်ခံ - ဦးမာတင်နေဝါ

စကားဦး



လူတိုင်းစာဖတ်ဝါသနာရှင်များဖြစ်နိုင်ကြသော်လည်း၊ စာဖတ်ဝါသနာရှင်တိုင်း စာရေးဝါသနာပါသူများမဖြစ်နိုင်ပါ။ ပေထက်အက္ခရာတင်သောအရာများသည် စာဖတ်ခြင်း၊ ဘဝ၌တွေကြုံခဲ့ရခြင်း၊ စိတ်ထဲ၌ခံစားခဲ့ရခြင်းများကို စုပေါင်းထားခြင်းဖြစ်သည်။

ယခင်က "ရှာလုမ်မဂ္ဂဇင်း" ကိုစာကူးစက်နှင့်လုပ်ပြီး စာအုပ်ငယ်အဖြစ်ချုပ်ယူဖြန့်ဝေခဲ့ကြသည်။ ယခုကဲ့သို့ပုံနှိပ်စာလုံးနှင့်ထုတ်ဝေသည်မှာယခုအကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်ဖြစ်ပါသည်။ ယခင်ကစာဖတ်ပရိသတ်များဝယ်ယူအားပေးကြခြင်းအပေါ် မူတည်၍ယခုတဖန်ကြိုးစားပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါသည်။ နိဒါန်းတွင်ဖော်ပြသကဲ့သို့ စာပေကလောင်ရှင်များသည် ယုံကြည်ခြင်းနှင့်ပတ်သက်၍ တွေကြုံခံစားမှုများကို ပေထက်အက္ခရာတင်ပြီး စာဖတ်ပရိသတ်များကိုဝေမျှလိုက်ခြင်းဖြစ်ပါသည်။

ဤမဂ္ဂဇင်းငယ်ကိုဝယ်ယူအားပေးခြင်းဖြင့် နောင်ဆက်၍မဂ္ဂဇင်းပေါ်ထွက်ရေးအတွက်အားပေးကြိုဆိုခြင်းဖြစ်သည်။ ကလောင်ရှင်များပို၍အားထုတ်နိုင်အောင် တွန်းအားပေးခြင်းလည်းဖြစ်ပါသည်။ ဤမဂ္ဂဇင်းကိုဖတ်သူများအားလုံးဘုရားရှင်၏ကြွယ်ဝသောဆုကျေးဇူးနှင့်ပြည့်စုံကြစေကြောင်းဆုမွန်ကောင်းတောင်းဆန္ဒပြုပါသည်။

ဘုန်းတော်ကြီး အက်(စ်)ထန်အုပ်
B.A , B.D , M. Phil
ကျောင်းအုပ်



(ညောင်လံတိုး)



● ခါစ နွေဂိမ္ဘာန်၊ မြို့ရန်ကုန်တွင်း၊ လမ်းမည်အင်းလျား၊ တည်ထားကျောင်းကြီး၊ ရှုမငြီးဝယ်၊ ပူမီးအေးချမ်း၊ တောစိမ်းလန်း၌၊ ထူးဆန်းထယ်ဝါ၊ သာရကာကျေး၊ ဥဩတေးနှင့်၊ မနေးမကြာ၊ တွန်သည့်ခါဝယ်၊ ရည်ရွယ်မှန်းထား၊ ဘုရားရှင်တွက်၊ တို့ဆပ်ကပ်နေ၊ စိတ်ထွေထွေလည်း၊ ပြစ်ခတွကင်းသွား၊ ရှောင်ဖယ်ပြားသို့၊ ပြန့်ပွားမေတ္တာ၊ ကြာနှင့်ရေတွေ့၊ ကြည်နူးမွေ့လျော်၊ သစ်စေ့မြေပေါက်၊ အညွှာက်ပမာ၊ စွဲညိုခါစ၊ လှသည့်နှလုံး၊ မှတ်ကျုံးယူဆောင်၊ ဤလူ့ဘောင်ဝယ်၊ များမြောင်လူသား၊ ကယ်တင်ပြားဟု၊ ငါတို့ပြုသည်၊ ယခုတက်ရောက်၊ တို့မျက်မှောက်ထား၊ မှတ်သားနာယူရင်းပေတည်း။

● လာကြလေချိန်တန်၊ ခါဝသန်ဦး၊ ကြည်နူးပျော်ရွှင်၊ မောင်မယ်ယှဉ်လို့၊ ပြည်ခွင်တစ်လွှား၊ ရပ်ဝေးခြားမှ၊ တိုင်းသားညီကို၊ ဝါဖြူညိုမည်း၊ တစ်ကိုယ်တည်းသွင်မှတ်ထင်သွေးစည်း၊ ညီညွတ်ပြီးသော်၊ လူကြီးလူငယ်၊ လူလတ်ရွယ်ဟု၊ မချယ်ရွေးမှတ်၊ လူတတ်လူလျှော်၊ သူမတော်ဟု၊ မလျှော်ခွဲခြား၊ သဘောထားသိမ်၊ တို့မနိမ့်ဘူး၊ စိတ်ဓာတ်ထူးခြား၊ ထားရည်ရူးချက်၊ တို့ရွက်သည်ပိုး၊ ထမ်းဆောင်ကြိုးစား၊ တို့ရိုးသားမှု၊ ကောင်းစွာပြုသည်၊ ယေရှု၏နောက်၊ တို့လိုက်လျှောက်သွား၊ ရပ်သားရွာသူချင်းပေတည်း။

● သာစွလေ အိမ်ပြန်၊ ဆောင်းဟေမာန်နှောင်း၊ ကူးပြောင်းလွန်မှ၊ လေးနှစ်မျှသော်၊ ဝေးကြနယ်ခြား၊ မှုဆောင်ငြားလည်း၊ တို့များ မိဋ္ဌာန်၊ လုပ်ရပ်မှန်ကား၊ လွှမ်းအားမပို၊ ဆက်ကပ်လိုသည်၊ ဂုဏ်ကိုမမက်၊ လူရည်တတ်သွေး၊ တစ်စက်လေးမျှ၊ မကြွရင်တွင်း၊ စိတ်တွင်းရှင်းကာ၊ အကြွင်းနတ္ထိ၊ ရှုမြင်ကြည့်က၊ အနတ္တဟု၊ ခပ်သိမ်းစုသည်၊ ယေရှု၌သာ၊ ပြည့်စုံကာလင်၊ ဒို့ဖြစ်အင်ရှိ၊ စိတ်ပီတိနွေး၊ သွန်းသည့်သွေးတော်၊ ဒို့လေးထားရာ၊ ထိုသစ္စာကား၊ ပြတ်သားရှာယူခြင်းပေတည်း။

၊ပိဋကစုံရတနာများ၊ စိုးကို (ညောင်လံတိုး)

## ရှာလုမ်နှင့်ပါတ်သက်၍ ....

နှင်းငွေ့နှင့်အတူ ရှာလုမ် အတောင်ပံခတ်နိုင်ရန် ပြင်ဆင်ခဲ့သော်လည်း ထင်သလောက် မလွယ်ကူလှပါ။ အခြေအနေအရပ်ရပ်၏ အကျပ်အတည်းများကို စာဖတ်ပရိသတ်အနေဖြင့် သိကောင်းသိနေမည်ဖြစ်သည်။ အထူးအထွေ မတင်ပြလိုတော့ပါ။

ဥယျောဇဉ်တွင် ကျောင်းအုပ်ကြီး တင်ပြခဲ့သလို ရှာလုမ်မြစ်ဖျားခံရာသည် မထင်မရှားဖြစ်သည်။ အမျိုးမျိုးသော အခက်အခဲများကို ကျော်ဖြတ်လာခဲ့ရပြီး ယခု နောက်ဆုံးမဂ္ဂဇင်းတစ်အုပ်အဖြစ် သေသပ်လှပစွာ ခန့်ညားနိုင်ခဲ့ရခြင်းမှာ ဘုရားသခင်၏ လမ်းပြ မစမှုကြောင့်သာဖြစ်သည်။ ပါဝင်ရေးသား ဆက်ကပ်ကြသူများ၊ ဖတ်ရှုအားပေးကြသော ပရိသတ်များ၊ အယ်ဒီတာ ဝိုင်းတော်သားများနှင့် အမည်နာမ မဖော်ပြသော်လည်း ခရစ်တော်၌ ညီအစ်ကို မောင်နှမတစ်ဦးစီတိုင်းအား ဤမဂ္ဂဇင်းဖြင့် အစဉ်သဖြင့် သတိရနေကြောင်း သိစေအပ်ပါသည်။

ရှာလုမ်၏ ဒုတိယရင်ခုန်မှု၌ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ငြိမ်သက်ခြင်းကို ရှာဖွေတွေ့ရှိနိုင်ပါစေ။

သင်တို့အပေါ်သို့ ဘုရားသခင်၏ ငြိမ်သက်ခြင်း သက်ရောက်ပါစေသော်။ အာမင်။

(ဘုန်းတော်ကြီးစောမောင်ဒို)
တာဝန်ခံအယ်ဒီတာ






### ဖြန့်ချိ

လူထုမေတ္တာစတိုး ၇၇၄၊ မဟာဗန္ဓုလလမ်း၊ ၂၄ လမ်း ရွှေညာသားဆေးဆိုင်၊ လူထုမေတ္တာစတိုးဆိုင်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ၊ ဆေးဗိမ္မာန်ရွှေဘုံသာ (အလယ်လမ်း)၊ ၈၂ (ဒီရုံ)၊ သိမ်ကြီးဈေး၊ ကြယ်ပျံဆေးမျိုးစုံဆိုင်နှင့် အမြို့မြို့ဆေးမျိုးစုံဆိုင်တွင် ရနိုင်ပါသည်။

### ပင်ရင်း

သမားတော်ကြီး ဦးမြသန်း၊ ကြယ်ပျံဆေးကုဌာန၊ အမှတ် - ၅၊ ၁၄၅ လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။




စားမိလျှင်အားရှိရမည်
# အောင်နေဝင်း
အစာကြေ အားတိုးဆေးလုံး
(သွေးညှိသွေးဆေး၊ပန်းနာ ရင်ကျပ်ပျောက်ဆေး)
ပင်ရင်း-၁၈၅ -ဦးချစ်မောင်လမ်း၊ ဥတ္တရလစ်၊ ဗဟန်း၊ ရန်ကုန်မြို့။

ဦးမြင့်ဆွေ အမှတ် (၇) ဒီရုံ၊ သိမ်ကြီးဈေး။ လူထုမေတ္တာစတိုးအမှတ် ၈၀၊ ၈၁-ဒီရုံ၊ သိမ်ကြီးဈေး။ ဦးဘစွမ်-ဒေါ်ပိုအေး အာဇာနီလမ်း၊ ဈေးအနီး၊ ထားဝယ်မြို့။ ဒေါ်ခင်သိန်း၊ ဈေးကြီး မော်လမြိုင်။ ဆေးပဒေသာ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်။ ✳
စိန်ကြည်စတိုး၊ ဈေးချိုအလယ်ပေါက်၊ မန္တလေး။ ✳

အမည်ကွဲ တံဆိပ်ဆင်တူယိုးမှား သတိပြုပါ။



## "မေတ္တာကြွေးရဲ့နောက်ဆက်တွဲ"

ဝင်းနန္ဒာထွန်း

* သမိုင်းတစ်ခုရဲ့ရှထောင့်
အချိန်အခါကိုစောင့်လို့ရယ်
မိုးခါးရေသောက်ကြသူတွေကြား
"သူ" မွေးဖွားလာခဲ့---။
* ထူးခြားတဲ့သူ့အသက်တာ
လူရယ်သာဆိုသော်ငြား
ကွဲပြားနိုင်းယှဉ်အံ့မထင်
သူ့ခရီးစဉ်---။
* အကြင်နာတွေသူပေး
ဝေဒနာတွေသူဆောင်လို့
ရင်မှာတကယ်---
ကြည်နူးမှုရခဲ့ပြီ---။
* ဘယ်ဝယ်ဆီရောက်စေတော့
မလျော့သောသူ့မေတ္တာကြွေးကို
ပေးဆပ်ဖို့လေ---။ ။

* ဝင်းနန္ဒာထွန်း *



# ဝေဒနာနှင့် ရောဂါပျောက်ခြင်း

ဘုန်းတော်ကြီး
**ဒေးဗစ် သန်းလွင်**

လူမည်သည်ကား ခန္ဓာဝေဒနာ ရှိတတ်သည်။ ခန္ဓာဝေဒနာကို တွေ့ကြုံဖူးပါသည်။
လူမည်သည်ကား စိတ်ဝေဒနာ ရှိတတ်သည်။ စိတ်ဝေဒနာကို တွေ့ကြုံဖူးပါသည်။
လူမည်သည်ကား ဝိညာဉ်ဝေဒနာရှိတတ်သည်။ သို့သော် ဝိညာဉ်ဝေဒနာကို သတိမထားမိချေ။

ပြန်လေ့လာ သုံးသပ်ကြည့်ပါက ခန္ဓာဝေဒနာကို ရသောအခါ စိတ်ဝေဒနာသည် အနီးကပ် လိုက်လာတတ်သည်။ စိတ်ဝေဒနာကို ရသွားသော အခါ ဝိညာဉ်ဝေဒနာအဖြစ် အဆုံးသတ်တတ်ကြသည်။

ကျွန်ုပ်၏ အမြင်ကို ပြန်သုံးသပ်ကြည့်သောအခါ ဝိညာဉ်၏ သဘော ရောဂါစွဲကပ်လာခြင်းနှင့်စိတ်ဝေဒနာသို့ တွန်းပို့လာသော သဘောကိုမြင်သည်။ စိတ်ဝေဒနာအဆင့်သို့ ရောက်လာသောအခါတွင် ခန္ဓာဝေဒနာ ပေါ်ပေါက်လာကြောင်း ခံယူမိပါသည်။

❀ ခန္ဓာဝေဒနာကို ကြည့်လို့ရ၏။
❀ စိတ်ဝေဒနာကို မြင်ရတတ်၏။
☞ သို့သော် ဝိညာဉ်ဝေဒနာသည်ကား ဝိုးတိုးဝါးတားမျှသာပင်...

သမ္မာကျမ်းစာတော်မြတ်၌ တစ်ဆယ့်ရှစ်နှစ်တိုင်တိုင် ရောဂါဝေဒနာ ခံစားရသော အမျိုးသမီး တစ်ဦးအကြောင်းကို ရှင်မာကု ၅း ၂၄– ၃၄တွင် တွေ့ရပါသည်။

လူတစ်ဦးသည် သုံးရက်မျှ တုပ်ကွေးဖျားလျှင်သော်မှ မခံနိုင်ကြ။ ယခု အမျိုးသမီးမှာ တစ်ဆယ့်ရှစ်နှစ် အတိုင်းအတာရှိသမျှ အကုန်အကျခံ၍ ကုသပါသော်လည်း ရောဂါမပျောက်၊ မပျောက်သည့်အပြင် တိုး၍ပင် လာချေသေး။

ဤအမျိုးသမီး အသက်တာကို စဉ်းစားသောအခါ ဝေဒနာကိုခံစားရသော အချိန်တွင်ပင် ယေရှုအကြောင်း သတင်းကို ကြားသိရခြင်းသည် ပထမကဏ္ဍအနေဖြင့် နေရာယူထားသည်။ မိမိစိတ်နှလုံးထဲသို့ ဒုတိယနေရာယူထားသော အတွေးမှာ ယေရှု၏အဝတ်တော်တို့ ထိရလျှင် ရောဂါပျောက်မည်ဟူသောအချက်ပင်ဤကဲ့သို့ စိတ်ကူးအတွေးနှစ်ခုကို အကောင် အထည် ဖော်ပေးလိုက်သည်ကား မိမိ၏မကျန်းမမာဖြစ်နေသော ခန္ဓာက ယေရှု ရှိရာသို့ လူပရိသတ်ကိုတိုးပြီး လိုက်လာခြင်းပင်ဖြစ်သည်။

ဤအမျိုးသမီး ယုံကြည်ခြင်းကို ခန့်မှန်းနိုင်ပါသည်။ အမှန်တကယ် ယုံကြည်သော အသက်တာပင်ဖြစ်သည်။ မိမိကြားရသော သတင်းအပေါ် ယုံကြည်ခြင်းတရားသည် မိမိနှလုံးသားထဲသို့ရောက်ရှိပြီး ခန္ဓာသည် ယေရှုရှိရာသို့ လိုက်လာခြင်းပင် ဖြစ်သည်။

လူ့ဘဝအသက်တာသည် စိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြင်း ဟူသောနိယာမ သဘောအတိုင်း ရှိမည်ကို တမန်တော်ရှင်ပေါလုက (ဂလာတိ ၆း၇)တွင် ဖော်ပြထားသည်။ ထိုစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းတို့ကြားကာလ၌ ရှင်သန်ခြင်း သည် အလွန်အရေးကြီးသည်။

ယနေ့ ကျွန်ုပ်တို့ ခရစ်ယာန်အသက်တာတွင် သမ္မာကျမ်းစာကိုဖတ်ရန်ပင် ပျင်းလှသည်၊ ကျွန်ုပ်တို့ အသက်တာ၌ သမ္မာကျမ်းစာဖတ်ရန် အချိန်မရှိ၊ နှုတ်ကပတ်တော်ကို စဉ်းစားဆင်ခြင်ရန် အချိန်အခါမပေး၊ ဆုတောင်းရန်မှာ လည်း လုံး၀။ ယေရှုသတင်းကို ကြားရန်အတွက် နှုတ်ကပတ်တော်မှ အစပြုရပေမည်၊ ရောဂါစွဲကပ်နေသော အမျိုးသမီး၏ ယုံကြည်ခြင်းတွင် ပျင်းရိခြင်း လုံးဝမပါသည်ကို တွေ့ရသည်၊ ယေရှုသတင်းကြားသည်၊ ဝတ်လုံကို ထိတို့ရလျှင် ပျောက်မည်ဟု ယုံကြည်သည်၊ ယုံကြည်သည့်အတိုင်း လိုက်လာသည်၊ တွေ့သည်နှင့် ဝတ်လုံကိုထိတွေ့မှု ကြိုးစားရယူလိုက်သည်၊ ဝေဒနာလုံးဝပျောက်ကင်းသွားသည်။

"ငါ့ သမီး စိတ်အေးလျှက် သွားတော့...သင်၏ယုံကြည်ခြင်းသည် သင့်ကို ကျန်းမာစေပြီး ရောဂါပျောက်ကင်းစေ"

**ဘုန်းတော်ကြီး ဒေးဗစ်သန်းလွင်**



လောကတွင် လွယ်လွယ်နှင့်ရသော ပစ္စည်းသည်မရှိ။ ရသော ပစ္စည်းသည်လည်း အရည်အသွေးမီသော အရာ တန်ဖိုးရှိသော ပစ္စည်း ဖြစ်မည် မဟုတ်ပေ။ တန်ဖိုးရှိပြီး အရည် အသွေးကောင်းသော ပစ္စည်းဖြစ်လျှင်လည်း ခံယူသော သူအနေနှင့် တန်ဖိုးထားသင့်သလောက် ထားနိုင်မည် မဟုတ်ပေ။ တန်ဖိုးကြီးသည် ငယ်သည်ဖြစ်စေ မိမိကိုယ်တိုင် ချွေးဖွဲနှင့်ယူထားသော အရာ ဖြစ်လျှင် မြတ်နိုး တန်ဖိုးထားကြမည် ဖြစ်သည်။

ခရစ်ယာန်များအတွက် နေ့စဉ်အသက်ရှင်ကြရာတွင် ခရစ်တော်၏ အသက်တာကို မျက်စိအာရုံတွင် အစဉ်မြင်ယောင်နေရန်လိုသည်။ မိန့်တော်မူသံများကို ယနေ့ပင် ကိုယ်တော်တိုင် မိန့်ဆိုသကဲ့သို့ ကြားယောင်နေမိရန်လည်း လိုအပ်သည်။

ဖာရိရှဲ ဆုတောင်းသံ ဖာရိရှဲတို့သည် ပညတ္တိကျမ်းများကို အကောင်းဆုံး စေ့စုံအောင် လိုက်နာသူများဖြစ်ကြသည်။ အစာရှောင်ခြင်း၊ အလှူအတန်းပေးခြင်းများတွင် တိကျစွာ လိုက်နာကြသည်။ ဗိမာန်တော်သို့ ဝင်ရောက် ဆုတောင်းကြသောအခါ သူတစ်ပါးအပေါ် မကောင်းမှုမပြုလုပ်ခြင်း မိမိပြုသော ကောင်းမှုများအတွင်း ဖော်ထုတ် ကြွားဝါလေ့ရှိသည်။ တစ်ရံတစ်ခါ ခရစ်ယာန်များလည်း ဒုက္ခမတွေ့ရလို့ အခြားသူများနည်းတူ အခက်အခဲ မကြုံရခြင်းအတွက် လုံလောက်သော ကျေးဇူးတော် ဘဲဟု ဆိုတတ်သည်၊ ဆင်းရဲဒုက္ခနှင့် ကြုံရသောအခါ ဘုရားကျေးဇူးတော်ကို ရေတွက်ခြင်းမပြုနိုင်၊ မိမိဘဝအတွက် ယူကြုံးမရ ဖြစ်သကဲ့သို့ ဘုရားရှင်ကိုပါ စောဒကတက်လိုကြသည်။ ဖာရိရှဲတို့ကို အပြစ်မြင်တတ်ကြသည်။

လူ့သဘာဝ လောကသားများ သဘာဝမှာ မွေးရာမှ သေသည့်အထိ အနည်းနှင့်အများ ဒုက္ခ၊ဆင်းရဲခြင်း တွေ့ကြုံရမည်ဖြစ်သည်။ ဤသည်ကို ခရစ်ယာန်အများက အာဒံနှင့်ဧဝကြောင့် ရရှိသောအမွေဟု ယုံကြည်လက်ခံကြသည်။ ယောဘက "လူသည် ဒုက္ခခံ့ကျင်လည်ခြင်းငှာ မွေးဖွား၏" (ယောဘ ၅း၇) ဟုဆိုသည်၊ အရှင်ယေရှုကလည်း "သင်တို့သည် လောကဥ်ဆင်းရဲဒုက္ခကို ခံရလိမ့်မည်" (ယော ၁၆း၃၃) ဟုမိန့်တော်မူခဲ့သည်။ လောကတွင် ဒုက္ခဆင်းရဲခံရခြင်းသည် တစ်နည်းမဟုတ်တစ်နည်း



လူတိုင်းတွေ့ကြုံရမည့် အရာဖြစ်သည်။ လွှဲရှောင်ပြေး၍ မရနိုင်ပေ။ လောကမှာ လူသားများထက်ထူးကဲသူများအဖြစ် သတ်မှတ်ခံရသော သန့်ရှင်းသူများသည် ပင်လျှင် ဆင်းရဲဒုက္ခ ဝေဒနာမျိုးစုံကို ခံစားခဲ့ကြရသည်။

ရှင်ပေါလု အနေနှင့်မူ သန့်ရှင်းသူများခံရသော ဆင်းရဲဒုက္ခကို ဤသို့ သုံးသပ်ထားသည်။ "ယခုခဏ ခံရ၍ ပေါ့ပါးသော ဆင်းရဲဒုက္ခသည် အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဖို့ ဖြစ်စေတတ်၏။" (၂ကော ၄း၁၇) သန့်ရှင်းသူ မာဇာရအဖြစ် သတ်မှတ်ခံရသော ပုဂ္ဂိုလ်များ အသက်တာမှာ ယုံကြည်ခြင်းအတွက် လိုက်လျောမှုမရှိ မိမိယုံကြည်သည့်အတိုင်း မည်သည့်အရာနှင့်မျှ အပေးအယူမလုပ် ။ မိမိတို့ ယုံကြည်ခြင်းကို အသက်ပေး စောင့်ထိန်းခဲ့ကြသည်။ ယုံကြည်ခြင်းအတွက် ခံခဲ့ရသော အဖိုးအခကား လောကမှာပင် သန့်ရှင်းသူဟူသော ဘွဲ့နာမကိုခံယူခဲ့ကြသည်။

---

တန်ဖိုးကြီးသည် ငယ်သည်ဖြစ်စေ မိမိကိုယ်တိုင်

ချွေး ဖွဲနှင့်ယူထားသော အရာဖြစ်လျှင်

မြတ်နိုး တန်ဖိုးထားကြမည် ဖြစ်သည်။

---

ခရစ်တော်လမ်းစဉ် လူ့သဘာဝအရ ဖြတ်လမ်းနည်းကို ရယူလိုကြသည်။ လွယ်လွယ်နှင့်ကြီးပွား လိုကြသည်၊ ခရစ်တော်ကို မာနတ်စုံစမ်းသောအခါ လူသားအကြိုက်ကို တွေးပြီး ကျောက်ခဲကို မုန့်ဖြစ်အောင် လုပ်စေခြင်း၊ ဘုရားကျောင်းခေါင်မိုးထိပ်မှ ခုန်ချခြင်းဖြင့် လူအများ အံ့ဩအောင် ပြုလုပ်ခြင်းမပင်ပန်းရဘဲမာနတ်ကိုရှိခိုးရုံနှင့် လောကနိုင်ငံကို ရယူခြင်း စသည့် အောင်မြင်နည်းများဖြင့် သွေးဆောင်ခဲ့သည်။ သို့ရာတွင် ခရစ်တော်အတွက်မူ မိမိကိုယ်တိုင် လက်တွေ့လုပ်ဆောင်လိုသည်။ ခက်ခဲသောလမ်းစဉ်ဖြစ်သော်လည်း လျှောက်လှမ်းပြီး အောင်မြင်မှု ရယူရန် ဆုတောင်း ခွန်အားယူခဲ့သည်။

ပေက်ဝါးကပ်တိုင်ပေါ်မှာ အသက်အသေခံရခြင်းသည် အောင်မြင်မှု အထွတ်အထိပ်ကို ရောက်ရှိစေသည်။ ခရစ်တော်ရှင်းနိုးခဲ့သော အောင်မြင်ခြင်းသည် ကပ်ကမ္ဘာ ကုန်ဆုံးသည့်တိုင်အောင်ရှိနေပေလိမ့်မည်ဖြစ်သည်။ အောင်မြင်မှု အရှိန်အဟုန်ကို တားဆီး၍ ရနိုင်မည် မဟုတ်ပေ။

ခရစ်တော်ကိုအရှင်သခင်ဟု ဝန်ခံယုံကြည်သူတိုင်းသည် ခရစ်တော်၏ တာဝန်ပေးခြင်းခံကြရသည်။ မိမိ သတင်းကောင်းလူတိုင်း သိစေရန်ဖြစ်သည်။ ခရစ်တော်အတွက်အသက်ရှင်ကြရာတွင် စွန့်လွှတ်ခြင်း၊ နစ်နာခြင်း၊ ဆုံးရှုံးခြင်းများရှိနေပေမည်။ ၎င်းသည်ပင် ယုံကြည်သူများအတွက် အကျိုးအမြတ်ဖြစ်သည်၊ အကောင်းဆုံးသောနည်းနှင့်အသက်တာကို ပြင်ဆင်နေလျှင် တစ်စုံတစ်ခုကိုနစ်နာ ဆုံးရှုံးခံရမည်။ ကိုယ်၊စိတ်၊ဝိညာဉ်ကို ခရစ်တော်၏ လမ်းစဉ်အတွက် ရင်းနှီးလျှင် ခရစ်တော်၌ အောင်မြင်ခြင်းကို ရရှိမည် ဖြစ်သည်၊

"သင်တို့သည် အလင်းသို့ရောက်ပြီးသည်နှင့် နောက်လူများရှေ့မှာကဲ့ရဲ့ညှဉ်းဆဲခြင်းကို ခံရသဖြင့်၎င်း၊ ထိုသို့ ခံရသူတို့နှင့် ဆက်ဆံသော အပေါင်းအဖော်ဖြစ်သဖြင့် ၎င်း ကြီးစွာသောဆင်းရဲ ဒုက္ခဝေဒနာများကို ပြိုင်ဆိုင် တိုက်ခိုက်ခြင်းနှင့် တွေ့ကြုံသော အထက်ကာလကို အောက်မေ့ကြလော့"။ (ဟေဗြဲ ၁၀း၃၂-၃၃)

**ဘုန်းတော်ကြီး အက်(စ်)ထန်အုပ်**


ဧဝံဂေလိ (၁၀)နှစ်
(၁၉၉၁-၂၀၀၁)




(မာကု ၁း၁၇)
(တမန် ၁း၈၊ မဿဲ ၅း၁၆)
ကာတွန်း
စဉ်းစားမနေနဲ့ မြန်မြန်သွားမှဖြစ်မယ် နောက်ကျနေပြီ..နော်
အခုပဲထွက်မယ်..
ဆယ်စုနှစ် ဧဝံဂေလိ

စံဘုန်းရှည်

# အပြစ်ကင်းသော အပြစ်သားနှင့် အပြစ်ရှိသော ဖြောင့်မတ်သူများ



လူမှန်ကအပြစ်ကင်း၍ ဖြောင့်မတ်သူ တစ်ဦးမျှမရှိ၊ အပြစ်နွံထဲ၌တစ်ဝဲလည်လည် ကျင်လည်နေသူများဖြစ်သည်။ (ယော ၈း၇) မကောင်းမှု အင်အားစု၏ လွှမ်းမိုးမှုကြောင့် လူအပေါင်းသည် ဒုစရိုက်ပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီဖြစ်သည်။ (ရောမ ၃း၂၃) ဤအခြေအနေမျိုး၌ လူသည် ဖြောင့်မတ်သူ တစ်ဦး ဖြစ်ရန် အခွင့်အလမ်းမရှိသလောက်ဖြစ်သည်။ သို့သော် ဘုရားသခင်ရှေ့မှောက်၌ မည်ကဲ့သို့ ဖြောင့်မတ်ရာရောက်နိုင်ကြောင်းကို ရှင်ပေါလုကရောမ ဩဝါဒစာထဲတွင် ဖော်ပြထားပါသည်။ ဂရိစာလုံး "Diakaioo" ၏ သင့်လျော်သောအဓိပ္ပါယ်မှာ "ဖြောင့်မတ်သူဖြစ်ကြောင်း ကြော်ငြာသည်" ဖြစ်၍ "ဖြောင့်မတ်သူဖြစ်ရန်ပြုလုပ်သည်" ဟူ၍ အဓိပ္ပါယ်မရပေ။ ခရစ်တော်အား ယုံကြည်သူမည်သူမဆိုအပြစ်ရှိလျှက်ပင်၊ ဖြောင့်မတ်သောတရားသူကြီး ဘုရားသခင်က ထိုသူအားဖြောင့်မတ်ကြောင်း ကြော်ငြာခြင်း ဖြစ်သည်။ ဗုဒ္ဓဘာသာတွင် "ဖြောင့်မတ်ခြင်း"ဟုဆိုရာ၌ "ဆက်သွယ်ခြင်း" ဟူသည့် သဘောတရားကို တွေ့ရသည်။ ဥပမာ အားဖြင့် ဒါဝိဒ်မင်းကြီးနှင့်ရှောလုမင်းကြီးမိသားစု အကြားထားရှိခဲ့သော ပဋိညာဉ်တော်ကြောင့် အခွင့် သာသော်လည်း ဒါဝိဒ်သည် ရှောလုအား မသတ်ခဲ့ပေ။ ရှောလု၏သား "Isbosheth" အားလည်းစောင့်ရှောက်ခဲ့သည်။ ထို့ကြောင့် ဖြောင့်မတ်ခြင်းသည် "ဆက်သွယ်မှုတစ်ခုအပေါ်၌သစ္စာသိစောင့်ခြင်း" ဟုအဓိပ္ပါယ်ရသည်။

ဖြောင့်မတ်ရာရောက်ခြင်း (Justification) သဘောတရားသည် တရားရုံးဥပဒေများနှင့်ဆက်နွယ်မှုရှိသည်။ (Forensic)ဤရှုထောင့်မှကြည့်လျှင် ဘုရားသခင်သည် အုပ်ချုပ်သူ၊ တရားဥပဒေပေးသူနှင့် တရားသူကြီးဖြစ်၍လူအား ဖြောင့်မတ်ကြောင်းကြော်ငြာသူဖြစ်သည်။ တစ်နည်းအားဖြင့်ဘုရားသခင်နှင့်လူသားကြား အသစ်သောဆက်သွယ်မှုကို တည်ဆောက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဤနေရာတွင်ဖြောင့်မတ်ခြင်းဟုဆိုရာ၌ ကိုယ်ကျင့်တရားဆိုင်ရာ လက္ခဏာထက် ဆက်သွယ်မှုတစ်ခုအဖြစ်နားလည်ရမည်။ ဖြောင့်မတ်ရာရောက်ခြင်းဒေသနာ၏ နောက်ခံမှ အတွေးအခေါ်တစ်ချက်မှာ ဘုရားသခင်၏ အသွင်အပြင်လက္ခဏာဖြစ်သည်။ Marcion (မာစီယွန်)ကဓမ္မဟောင်းကျမ်း၌ဖော်ပြထားသော ဘုရားသည်ဘက်လိုက်မှုမရှိ၊ မျှတစွာစီရင်တတ်၍ ဓမ္မသစ်ကျမ်းထဲ၌ ခရစ်တော်အားဖြင့် ဖော်ပြသော အပြစ်သားများအား တစ်ဖက်သတ်ချစ်မြတ်နိုး၍ ကယ်တင်ခဲ့သည့်ဘုရားမှ ကွာခြားမှုရှိကြောင်း၊ ၎င်း၏ အမြင်ကိုတင်ပြခဲ့သည်။ သို့သော်လူအားဖြောင့်မတ်ကြောင်း ကြော်ငြာခြင်းဖြင့် ဘုရားသခင်သည် ပြည့်စုံသောငင်း၏ဖြောင့်မတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာကို သရုပ်ဖော်နိုင်ခဲ့သည်။ ဤဒေနာအားဖြင့် Marcion၏ အမြင်ကိုငြင်းပယ်၍ မှန်ကန်သော အမြင်ကိုရရှိစေသည်။

ဖြောင့်မတ်ရာရောက်ခြင်း၏ အခြေခံအကြောင်းရင်းမှာ အပြစ်သားများအတွက် ဘုရားသခင်၏ ချစ်ခြင်းကို အဆုံးစွန်ဖော်ပြသည့်ခရစ် တော်၏ အသေခံခြင်းပင် ဖြစ်သည်။ ဘုရားသခင်သည်ဖြောင့်မတ်သော ဘုရားဖြစ်ရန်အတွက် အပြစ်သားများကိုစီရင်ရမည်သာဖြစ်သည်။ ခရစ်တော်၏ အသေခံခြင်းသည် ဘုရားသခင်ဘက်မှ တစ်ဖက်သတ် လုပ်ဆောင်သော ဖြောင့်မတ်ခြင်းအမှုဖြစ်သည်။ (၂ကော ၅း၂၁) တွင် အပြစ်ကင်းစင်သော (မသိသော) သခင်ယေရှုအား အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားအရ အပြစ်ကင်းသူ တစ်ဦးအား၊

ဘုရားသခင်၏ လက်ဆောင်ဖြစ်သောဖြောင့်မတ်ခြင်းကိုရရှိနိုင်သောနည်းလမ်းမှာ လူတစ်ဦးစီ၏ ယုံကြည်ခြင်းဖြစ်သည်။(ရောမ ၃း ၂၄-၂၅) သို့သော် ယုံကြည်ခြင်းသည် အခြေခံ အကြောင်းအရာမဟုတ် ၊နည်းလမ်းသာဖြစ်သည်။ ဖြောင့်မတ်ရာရောက်ကြောင်း အခြေခံအကြောင်းတရားသည် လူတစ်ဦးစီ၏ အထဲ၌မရှိ၊ ခရစ်တော်၏ အသေခံခြင်းဖြင့် တစ်ဖက်သတ်လုပ်ဆောင်ခဲ့သောအမှု၌ အခြေခံပါသည်။ သို့ဖြစ်၍လူ

> ခရစ်ယာန်အသက်တာ၌ ကယ်တင်ခြင်း စိတ်ချရပြီ ဟုဆိုလျှင် ယုံကြည်ခြင်းအသီးအပွင့်ကို မပြနိုင်ပါက...

တရားဥပဒေအရ (သို့) ဆက်သွယ်မှုအရ အပြစ်ရှိ သူတစ်ဦးဖြစ်စေသည်။ ခရစ် တော်အား ယုံကြည်သူများသည်လည်း၊ ကိုယ်ကျင့်တရားအရ (သို့) ဘုရားသခင်နှင့်ဆက်သွယ်မှု၌ ဖြောင့်မတ်သူတစ်ဦး ဖြစ်လာသည်။ ဖြောင့်မတ်ရာရောက်ခြင်းသည်ပစ္စုပ္ပန်ကာလအတွက် ဘုရားသခင်၏ဂတိတော်သာမက၊ နောက်ဆုံးတရားစီရင် ဆုံးဖြတ်ချိန်အထိ ဆက်လက်၍ ပတ်သက်နေပါသည်။

၌ဝါကြွားရန်အခွင့်အလမ်းမရှိပေ။ ယုံကြည်ခြင်းသည်ဘုရားသခင်၌ လုံးလုံးလျားလျားမှီခိုအားထားခြင်းနှင့်ကယ်တင်ခြင်း ဘုရား၏စီမံထားမှုအပေါ် မှီခိုအားထားခြင်းဖြစ်သည်။ သတိပြုရန်တစ်ချက်မှာ ဖြောင့်မတ်ခြင်းသည်ကယ်တင်ခြင်းရရန် အတွက်အခြေအနေတစ်ခုမဟုတ် ကယ်တင်ခြင်း၏ရလဒ်တစ်ခုသာဖြစ်သည်။ အထက်၌ဖော်ပြခဲ့သည့်အတိုင်း ခရစ်တော်အားယုံကြည်ခြင်းဖြင့် လူသည် တရားဥပဒေ (သို့)ဆက်သွယ်မှုအရ ဖြောင့်မတ်ရာ ရောက်ခဲ့သော်လည်း၊ ကိုယ်ကျင့်တရားအရဖြောင့်မတ်သည်ဟု မသတ်မှတ်နိုင်ပေ။ ဥပမာအားဖြင့် ပျောက်သော သားသည် မဖြောင့်မတ်သော်လည်း အဖသည်ချစ်၍ ဖြောင့်မတ်သူတစ်ဦးကဲ့သို့ ဆက်ဆံပြုစုပါသည်။ အဖ၏ မေတ္တာကြောင့် ထိုမေတ္တာနှင့် လျော်ညီသော ပြုပြင်မှုကိုနောက်ပိုင်း အသက်တာပြုလုပ်လိမ့်မည်ဟု ယူဆနိုင်သည်။ သို့ဖြစ်၍ကိုယ်ကျင့်တရားအရ ဖြောင့်မတ်ရာရောက်ခြင်းသည် တရားဥပဒေအရဖြောင့်မတ်ပြီး သူ၏ နောက်ဆက်တွဲဖြစ်၍သန့်ရှင်းခြင်း (Sanctification)နှင့် သက်ဆိုင်သည်။ ထို့ကြောင့် ဘုရားသခင်၏ဖြောင့်မတ်ကြောင်းသတ်မှတ်ခြင်းခံရသည်ကိုသိရှိထားရုံနှင့် မလုံလောက်ပေ။ ဖြောင့်မတ်သူ တစ်ဦးကဲ့သို့ မိမိကိုယ်ကိုကျင့်ကြံအား ထုတ်ရန် လိုအပ်ပေသည်။

> အပြစ်ကင်းသော အပြစ်သားနှင့်အပြစ်ရှိသော ဖြောင့်မတ်သူများ။

သခင်ခရစ်တော်၏ အသေခံခြင်း အမှုအားဖြင့်၊ ခရစ်တော်ကို ယုံကြည်သူများသည် ဘုရားသခင်၏ ရှေ့တော်၌ဖြောင့်မတ်ရာရောက်ကြပြီ။ ဘုရားသခင်၏ အခမဲ့ လက်ဆောင်ဖြစ်သော "ကယ်တင်ခြင်း"ကိုဝယ်ယူ၍မရ၊ လုပ်ဆောင်၍လည်းမရပေ။ လူဘက်မှလက်ခံခြင်း၊ ငြင်းပယ်ခြင်းသာပြုနိုင်သည်။ ယုံကြည်ခြင်းအားဖြင့်လက်ခံရမည်ဖြစ်သည်။ ကယ်တင်ခြင်းသည်အပြစ်ဖြေလွှတ်ခြင်းသာမက သန့်ရှင်းသောအသက်တာ၌ ကျင်လည်ရန်စိမ်ခေါ်ချက်လည်း ပါဝင်သည်။

သို့ဖြစ်၍ခရစ်ယာန်အသက်တာ၌ ကယ်တင်ခြင်း စိတ်ချရပြီဟုဆိုလျှက် ယုံကြည်ခြင်း၏ အသီးအပွင့်ကို မပြနိုင်ပါက ပြည့်စုံသောအပင်တွေမှသာ အသက်ရှင်သော အပင်မှန်းသိသာထင်ရှားနိုင်သည်။ ခရစ်တော်အား ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ရာရောက်ကြောင်း သိရှိသူသည် မိမိကိုယ်တိုင်ဖြောင့်မတ်သူတစ်ဦးကဲ့သို့ ကျင့်ကြံအားထုတ်ရန် မကြိုးစားသမျှ ပြည့်စုံသော ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ပုံမဖော်နိုင်ပေ။ ကျွန်ုပ်တို့ မတတ်နိုင်သော အမှုကို ဘုရားသခင်ပြုခဲ့ပြီ၊ ကျွန်ုပ်တို့ တတ်နိုင်သည့် အရာကိုလုပ်ဆောင်ရန်သာ လိုအပ်ပေသည်။ -

**စံဘုန်းရှည်**

# A LETTER FROM FATHER

ZAW TUN

My dear Son,

We arrived back home safe and sound. It was a great opportunity for us to attend the Second Conmencement Service at Tranity Cathedral where you were confered upon the degree of Bachelor of Theology. It was a great moment for us to see you being awarded the first prize for your cutstanding performance. We feel greatly honoured for your achievement. I told my close friends and relatives about your success and they all were delighted to hear about it.

Now Iwould like to give you a few words of fatherly advice. Our Lord Jesus said, "I come into this world not to be serve but to serve' These words were uttered by Jesus about 1965 years ago, but they still remain true today, and will remain true for all time. This teaching of Jesus, I believe , is applicable to both religious and worldly affairs. If you closely study the lives of the great men and women in the world, you will find that they have exeactly followed this teaching knowingly or unknowingly. The same is true in the religicus world. Let's take Pope John Paul II for example. Today, he considered to be one of the most celebrated Popes in recent Catholic history. There are a hosts of other celebrated men and women in both religious and secular worlds. This is mainly because they have always followed Christ's teaching and devoted their whole lives to the cause of their respective professions.

Now that you have chosen the right calling for your future life and you are going to start it shortly. Always remember that the road that leads to destruction is wide and full of traps and temptations, and the road that leads to seccess is narrow and full of hardships. You will have to face with a lot of traps,hardships and temptations on the journey of your life. So you must be determined to overcome all these difficulties until you reach the final goal of your life.

Finally, I would like to discuss something about marriage. This is the most important thing in life. There are a lot of broken marriages and unhappy marriages around the world.This is simply because they have chosen the wrong partners. If you chose the wrong partner, then you would be unhappy and imserable throughout your whole life. So think seriously about this matter before you make up your mind in chossing life's partner. Never rush into getting married. There's plenty of time for you to think about it. I think you ought to finish all levels of religious training courses before getting married. Finally, when you decide to get married make sure you choose the right partner who can really share the common interest with you in all things. Only then will you be able to lead a happy and successful marriage life together.

That's all for now.



# သက်သေခံချက်



မာသ(ဗေသနီ)

■ သည်းကြီးမည်းကြီး မိုးကရွာနေတယ်၊ လူတစ်ဦးတစ်ယောက်ကိုအညိုးထားပြီးရွာချနေသလိုပင်၊ ဒီနေ့ဟာ ဇူလိုင် (၁၁)ရက်နေ့ကိုး၊ ညီမလေးဆုံးတာ (၂)နှစ်ပြည့်တဲ့နေ့ပဲ၊ မိုးကလည်း သည်းထန်စွာရွာချတော့ ကျွန်မရဲ့စိတ်တွေဟာငြိမ်သက်မှုမရှိတော့ဘဲ ကြောက်ရွံ့ထိတ်လန့်မှုကိုခံစားနေရတယ်၊ တစ်ယောက်ထဲ အခန်းထဲမှာနေပြီး အတိတ်ဆိုတဲ့ မကြာသေးခင်က အကြောင်းရပ်က အသိစိတ်ထဲမှာပြန်ပေါ်လာသည်။

၁၉၉၃–ဇူလိုင် (၁၃)ရက် သာယာလှတဲ့ညနေခင်းအချိန်ပေါ့ ဇူလိုင်လဟာ မိုးသည်းကြီးမည်းကြီး ရွာတတ်ပေမယ့် ဒီညနေရဲ့ သာယာမှုဟာ ဆောင်းရာသီလိုပဲ ခံစားမိရတယ်၊ ညနေစာထမင်းစားပြီး အဆောင်ပေါ်ပြန်တက်တဲ့အချိန်မှာ ကျောင်းအုပ်ဆရာကြီးအိမ်မှ ဖုန်းလာတယ်လို့ခေါ်တယ်၊ ရင်ထဲမှာဘာရယ်မှန်းမသိ တုန်လှုပ်သွားတယ်၊ ကျောင်းမှာရောက်တာ (၂)နှစ်နီးပါးရှိပေမယ့် ဖုန်းနဲ့တစ်ခါမှစကားမပြောဘူး... ဘူး၊ သူငယ်ချင်းတစ်ယောက်ကို အတင်းခေါ်ပြီး ဖုန်းသွားနားထောင်တယ်၊ လက်တုန်တုန်နဲ့ဖုန်းကိုကိုင်ပြီး နားထောင်မိတယ်၊ တစ်ကိုယ်လုံးသွေးလည်ပတ်မှုတွေ ရပ်ဆိုင်းသွားသလိုခံစားရတယ်၊

"ညီမလေးအငယ်ဆုံး (၁၁)ရက်နေ့ကဆုံးသွားပြီတဲ့"

အဲဒီလို သတင်းကြားရတော့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတယ်၊ စိတ်ထဲမှာ ပူဆွေးခြင်း၊ ဝမ်းနည်းခြင်းတွေ တစ်ပြိုင်နက်ထဲခံစားရတယ်၊ ကျောင်းအုပ်ဆရာကြီး ကို ပြောပြခွင့်တောင်းပြီး ရွာကိုပြန်ခဲ့တယ်၊ အပြန်လမ်းတစ်လျှောက်မှာ မိုးကလည်းတဖွဲဖွဲမစဲဘဲရွာနေတယ်၊ မိုးစက်များနှင့်အတူ မျက်ရည်များကလည်းမစဲပေါ့။

အိမ်ကိုပြန်ရောက်ဖို့ ဆန္ဒစောနေတယ်၊ ရွာကိုညနေပိုင်းရောက်သွားတယ်၊ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ညီမလေးကိုမြေမြှုပ် သင်္ဂြိုလ်ပြီးပြီလို့ပြောကြတယ်၊ အိမ်ရောက်တော့ ဝမ်းနည်းစွာ ဆီးကြိုနေတဲ့မိခင်နှင့်တစ်ကွ မိသားစုတွေကို ရင်ဆိုင်တွေ့ရတဲ့အခါ ပြောမပြတတ်အောင် ဝမ်းနည်းကြေကွဲမှုကိုခံစားခဲ့ရတယ်၊ မိသားစုတွေကိုနှစ်သိမ့်မှုမပေးနိုင်ခဲ့ဘူး။

ဆုံးသွားတဲ့ညီမရဲ့ အထက်တစ်ယောက်ကလည်းအတော်ဖျားနေတယ်၊ စိုးရိမ်ရတဲ့အခြေအနေမှာရှိနေတယ်၊ ဆေးရုံနဲ့ရွာကလည်း မိုင်နှစ်ဆယ်လောက်ဝေးတယ်၊ မိုးကလည်းရွာနေတယ်၊ ဒါပေမယ့်မတတ်နိုင်ဘူး၊ ည (၁၂)နာရီလောက်မှာ ကားကိုဈေးကြီးစွာနဲ့ငှားပြီး ဆေးရုံကိုပို့လိုက်ရတယ်၊ ဘာမှမလုပ်တတ်ပါ၊ ဘုရားရှင်ကိုပဲ ဆုတောင်းနေမိတယ်၊ သူ့ရဲ့ရောဂါအခြေအနေကနောက်ဆုံးအဆင့်ရောက်နေပြီ၊ ဒါပေမယ့် ဆရာဝန်တွေကကြိုးစားပြီးကုနေကြတယ်၊ (၃)ရက်လောက်အကြာမှာ နောက်ထပ်ညီမတစ်ယောက်ထပ်ပြီး ဆေးရုံတက်ရပြန်တယ်၊ ညီမအငယ်ကဆုံးပြီးကာစ နောက်ထပ်ညီမနှစ်ယောက်ကဆေးရုံမှာ ဘယ်လိုခံစားရမယ်ဆိုတာသိနိုင်ပါတယ်၊ စိတ်ပူပန်သောက

တွေကြောင့် ဘုရားဆုမတောင်းတတ်တော့ဘူး၊ ဘုရားကိုတော့ သတိရပါတယ်၊ ဦးနှောက်ထဲမှာအတွေးပေါင်းမြောက်မြားစွာ ဝင်လာတယ်၊ ဒီကျောင်းကိုစတက်ကတည်းကကိုယ်ခန္ဓာ ကျန်းမာရေးအားနည်းခြင်းများနဲ့ စာပေဝိုင်းမှာလည်းအခက်အခဲ တွေအများနဲ့ရင်ဆိုင်ရတယ်၊ အခုလည်းတစ်ခါမှမကြုံဘူးတဲ့ အဖြစ်အပျက်ကိုခံစားနေရတော့ အမှုတော်ဆောင် ဖို့ဘုရားသခင်အလိုတော် မရှိဘူးလို့ စိတ်ထဲမှာဖြစ်လာတယ်။

(၁၀)ရက်လောက်အကြာမှာ ရောဂါသက်သာလို့ဆရာဝန်က နှစ်ယောက်စလုံးဆေးရုံဆင်းခိုင်းတယ်၊ အဲဒီနေ့မှာပဲ တူလေးနှစ်ယောက်ထပ်ပြီး ဆေးရုံတက်ရတယ်၊ ကျွန်မလည်းဖျားပြီး အပြင်ဆေးခန်းမှာဆေးကုနေရတယ်၊ နှစ်ရက်လောက်အကြာမှာ ဆေးရုံဆင်းသွားတဲ့ညီမတစ်ယောက်ပြန်ဖျားလို့ အချိန်မတော် ဆေးရုံပြန်ပို့ရတယ်၊ စိတ်ဓာတ်ကျသွားပြီးကျောင်းပြန်ဖို့စိတ်မရှိတော့ဘူး၊ ကုန်ကျစရိတ်တွေအတော်များနေပြီ၊ အိမ်မှာ အလုပ်လုပ်မဲ့လူလည်းလိုတယ်၊ အဲဒါတွေကိုတွေးပြီး ကျောင်းကိုမပြန်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမယ့်.....ဘုရားသခင်ရဲ့ဂတိတော်.......ခရစ်တော်ရဲ့ မေတ္တာတော်၊ ဘုန်းတော်ကြီးများနှင့် ကျောင်းကဆရာ/ဆရာမ ကျောင်းသူ/ကျောင်းသား တို့ရဲ့အားပေးမှုမိန့်မှာချက်တွေကိုပြန်ကြား ယောင်မိတယ်၊ အမှုဆောင်ဖြစ်စေချင်တဲ့အဖိုးရဲ့ဆန္ဒ ပြောကြားချက်တွေကိုလည်း ပြန်လည်သတိရမိတယ်၊ သမ္မာကျမ်းစာတော်မြတ်၌ သခင်ယေရှုက ထွန်ကိုင်းကိုကိုင်ပြီးလျှင်နောက်သို့ လှည့်ကြည့်သူတိုင်း ဘုရားသခင်နိုင်ငံတော်နှင့်မထိုက်တန်လို့ (လုကာ ၉:၆၂) ပြောကြားချက်ကို ပြန်လည်စဉ်းစားမိရင်း ကျောင်းကိုပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဆေးရုံကညီမအငယ် သက်သာလာတာနဲ့ကျောင်းကိုပြန်ဖို့ စီစဉ်တယ်၊ လူကြုံနဲ့ချိန်ပြီး ပြန်လာမယ့်နေ့မှာပဲဒုတိယအကြိမ် နောက်တစ်ယောက်ထပ်ပြီးဆေးရုံကိုရောက်လာတယ်၊ ဘယ်လိုဆုံး

အိမ်ရောက်တော့ ... ...ဝမ်းနည်းစွာ ဆီးကြိုနေတဲ့ ... မိဘနှင့်တစ်ကွ...မိသားစု တွေကို ရင်ဆိုင်တွေ့ရတဲ့အခါ .. ...

ဖြတ်မလဲစိတ်ဇဝေဇဝါ ဖြစ်သွားပြီးညီမနှစ်ယောက်ကိုထားခဲ့ ကာကျောင်းပြန်ဖို့ ဘယ်လိုမှမဖြစ်နိုင်ပါ၊ ဇူလိုင်လဟာမိုးဖြိုင်ဖြိုင် ရွာပြီးအေးမြတဲ့ ဝဿန်ချိန်ဖြစ်ပေမယ့် ကျွန်မအတွက်တော့အလွန် ပူလောင်ပြင်းပြလှတဲ့ ဂိမ္ဟာန်ရာသီလိုခံစားရပါတယ်၊ သဘောထွက် ချိန်နီးပြီ၊ ဆုံးဖြတ်ချက် တစ်ခုချတော့မယ်၊ နောက်ဆုံးမှာ အားလုံး ကို ကျောခိုင်းပြီး ဆေးရုံမှ သင်္ဘောဆိပ်ကိုထွက်ခွာခဲ့ပါတယ်။

လွန်ခဲ့တဲ့ (၂)နှစ်က အဖြစ်အပျက်ကကျွန်မရဲ့ စိတ်ထဲမှာ အသစ်လိုပြန်ခံစားရတယ်၊ တစ်ခါတစ်ခါစိတ်ထဲမှာ ဘုရားသခင်ဟာ သူ့ရဲ့သားသမီးတွေကို ဒီလိုဒုက္ခဆင်းရဲစုံစမ်းနှောက်ယှက်ခြင်းတွေ ပေးခံရသလဲလို့မေးခွန်းထုတ်မိတယ်၊ ဘုရားရှင်အပေါ်သံသယ စိတ်ဝင်မိခဲ့တယ်၊ သို့သော်သမ္မာကျမ်းစာတော်မြတ်ကိုဖတ်ရှုခြင်း အားဖြင့် အဖြေရရှိခဲ့ပါတယ်။ (၁ကော ၁၀: ၁၃)၌ဘုရားသခင် ဟာ ကျွန်မတို့မခံနိုင်တဲ့ စုံစမ်းနှောက်ယှက်ခြင်းကိုမပေးဘူး၊ အသက်တာမှာ တွေ့ကြုံရမယ့်အခက်အခဲ တွေကိုရင်ဆိုင်ကျော် လွှားနိုင်ဖို့ ဤကဲ့သို့စုံစမ်းခြင်းတွေဘုရားသခင်ပေးတယ်ဆိုတာ သိမြင်ခဲ့ပါတယ်။ ခရစ်တော်ရဲ့ဒုက္ခဝေဒနာနဲ့စာရင် ကျွန်မတို့ ရခဲ့တဲ့အရာတွေဟာ မပြောပလောက်ပါဘူး၊ ခရစ်တော်ရဲ့ချစ်ခြင်း မေတ္တာကို နားလည်ခဲ့ပါတယ်၊ အသက်တာမှာတွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ယုံကြည်ခြင်းအားဖြင့် သမ္မာကျမ်းစာ၌ခွန် အားယူပြီး ကျော်လွှားနိုင်ခဲ့ပါတယ်၊ ဆက်လက်ပြီးကျော်လွှား ရအုံးမှာပါ။

(၁ကော ၁၀:၁၃)
ဘုရားသခင်ဟာကျွန်မတို့မခံနိုင်တဲ့စုံစမ်းနှောက်ယှက် ခြင်းကို မပေးဘူး ...။


ချစ်သော ညီအစ်ကိုမောင်နှမအပေါင်းတို့၊ လောက အသက်တာမှာ အခက်အခဲစုံစမ်းခြင်းတွေနဲ့လူတိုင်းရင်ဆိုင်ကျော် ဖြတ်ရမှာဖြစ်ပါတယ်။ အထူးသဖြင့်အမှုတော်ထမ်းဆောင် ဖို့ ပြင်ဆင်ချိန်မှာ အခက်အခဲအမျိုးမျိုး တွေ့ကြုံရမှာဖြစ်တယ်။ စာတန်ဟာနည်းအမျိုးမျိုးနဲ့စုံစမ်းခြင်းပြုမှာဖြစ်ပါတယ်၊ ဒါပေမယ့် ထိုအရာတွေကိုသည်းခံပြီး ခရစ်တော်ကိုယုံကြည်အားကိုးမယ်ဆိုရင် အခက်အခဲအားလုံးကို ကျော်လွှားအောင်မြင်နိုင်မှာဖြစ်ပါတယ် ထိုထက်မက အသက်သရဖူကိုရရှိမယ်လို့ (ယာကု ၁:၁၂)မှာ ဖော်ပြထားပါတယ်၊ ဒါကြောင့် ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် လျှောက်လှမ်းပြီး သမ္မာတရားအားဖြင့် ခွန်အားယူကာ ထာဝရ ဘုရား၏ အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ကြပါစို့။

မျက်ရည်ကျလျက် မျိုးစေ့ကြဲသောသူတို့သည် ရွှင်လန်း လျက် စပါးရိတ်သိမ်းကြလိမ့်မည်။ မျက်ရည်ကျလျက် ကြဲရန်မျိုးစေ့ ကို ဆောင်၍ထွက်သွားကြသောသူသည် ကောက်လှိုင်းများကို ဆောင်လျက် ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်။ (ဆာလံ ၁၂၆: ၅-၆)

အမှုတော်မြတ်၌...

မာသ (ပေသနီ)






ကြည်ရွှင်ချမ်းမြေ့မှု စိတ်ဓာတ်ကို လူတိုင်းကိုယ်တွင်း၌

ဖန်တီးနိုင်ဖွယ်ရှိသည့်အရာမှာ "အင်ဒိုဖင်း" ဟုခေါ်သော

လူ့စိတ်ထားနှင့်ကျန်းမာရေးဆက်နွှယ်သော အမြင်သစ်တစ် ရပ်ပေါ်ထွက်လျက်ရှိပါသည်။ ထိုစိတ်ထားမှာအများအကျိုးဆောင် ခြင်းနှင့် ကောင်းမှုပြုခြင်း သဘောတို့ဖြစ်ပါသည်။


အများအကျိုးဆောင်ခြင်းအမှုကို ဒဿနိကဘာသာရပ်၌ အင်္ဂလိပ်ဘာသာဖြင့် (ALTRUIS)ဟုခေါ်ပါသည်။ မြန်မာဝေါ ဟာရ၌ "ပရဟိတဝါဒ"ဟုပညာရပ်ဝေါဟာရများ၌သုံးနှုန်းထား ပါသည်။ ထိုဝါဒ အတိုင်းကျင့်သုံးလျှင် ရရှိနိုင်မည့်အကျိုးများ ကိုခေတ်သိပ္ပံပညာရှင်များက သုတေသနပြုလုပ်လာနေကြပါ သည်။

အမေရိကန်နိုင်ငံ၊ မစ်ရှီဂန်တက္ကသိုလ်မှ ကပ်ရောဂါဗေဒလေ့ လာရေးပညာရှင် ဂျိမ်း (စ်)ဟောက် (စ်)နှင့်အပေါင်းအဖော်တစ်စုတို့ သည်လူတစ်ဦးဆက်ဆံရေးသဘောနှင့် အသက်ရှည်ခြင်းတို့ပတ် သက်မှုရှိမရှိသိရှိနိုင်ရန် လူပေါင်း (၂၇၀၀)ကျော်တို့အား (၁၄) နှစ်ကြာမျှစောင့်ကြည့်လေ့လာခဲ့ကြသည်။ သူတို့အတင်အရှားတွေ့ ရှိရသည်မှာအများနှင့်အပေါင်းအသင်း အကူးအလူးဆက်ဆံရှိ တတ်သူများသည် အသက်ရှည်ရှည် နေရကြောင်းတွေ့ရှိရသည်။ ထိုအချက်မှာ အထူးသဖြင့်အမျိုးသားများ၌ ပို၍သိသာကြောင်းကို လည်းတွေ့ကြရသည်။

သိပ္ပံသုတေသီများ လေ့လာစောင့်ကြည့်ကြစဉ် ကာလအတွင်း ၌ကွန်လွန်သွားကြသူတို့အကြောင်းကိုဆန်းစစ်သောအခါ အပေါင်း အသင်းမိတ်ဆွေသင်္ဂဟရင်းရင်းနှီးနှီး ထားရှိဆက်ဆံကြသော သူများထက် ပေါင်းဖော်သင်းဖက်မထားတတ်ကြသူများကနှစ်ဆခွဲ မျှပို၍ အသေအပျောက်များသည်ကိုတွေ့ကြရပြန်သည်။ ဤ သဘောမျိုးကိုအခြားသုတေသီများကလည်းတွေ့ရှိခဲ့ကြပါသည်။ အမေရိကန်နိုင်ငံ၊ ယေးတက္ကသိုလ်မှ ကပ်ရောဂါဗေဒပညာရှင် လီဘာဘက်ကမင်နှင့် ကာလီဖိုးနီးယားတက္ကသိုလ်မှကပ်ရောဂါ ဗေဒပညာရှင် လီယိုနပ်ဆိုင်းဆိုသူတို့သည် ကာလီဖိုးနီးယား ပြည်နယ်အတွင်းမှ နယ်တစ်နယ်ရှိလူပေါင်း (၇၀၀၀)နီးပါး ခန့်ကိုစောင့်ကြည့်လေ့လာခဲ့ကြသည်။ အထက်ကအတိုင်း လူမှုဆက်ဆံရေး အခြေအနေ စူးစမ်းမှုတစ်ရပ်ကိုသူတို့ပြုလုပ်ခဲ့ ကြခြင်းဖြစ်သည်။

လေ့လာစောင့်ကြည့်ခဲ့ကြသည့် ကိုးနှစ်တာမျှအချိန်အတွင်း ၌တွေ့ရှိရချက်မှာ အပေါင်းအသင်းနည်းပြီး ဆွေမျိုးညာတိခေါင်း ပါးသောတစ်ကိုယ်ရေသမားများ၊ သာရေး၊ နာရေး၊ လူမှုရေး သင်းပင်းအဖွဲ့အစည်းများ၌ ပါဝင်ခြင်းမရှိသူတို့သည် အသိုက် အဝန်းအပေါင်းသင်းနှင့် လိုက်လျောညီထွေကူညီဝင်ဆံ့နေသူတို့

# ခရစ်ယာန်အသက်တာ [illegible]



ဘုရားသခင်သည် -- ကျွန်ုပ်တို့အား ချစ်တော်မူသော ကြောင့် ဆုကျေးဇူးများစွာကို ပေးထား၏။ ဤသို့ပေးအပ် ထားသော ဆုကျေးဇူးများအ နက်အဓိကကျသောဆုကျေးဇူး တစ်ခုမှာ ပေါင်းသင်းဆက်ဆံမှု ပင်ဖြစ်သည်။

ခရစ်တော်ယေရှုအား ကယ်တင်ရှင်အဖြစ်ယုံကြည်သူ ခရစ်ယာန်များသည် ဘုရား သခင်၏အမွေစား အမွေခံသား သမီးများဖြစ်ကြ၏။ (ဂလာတိ ၄း ၆-၇၊ ရော ၈း ၁၆-၁၇) ထို့ကြောင့်ဘုရားသခင်ကပေး သနားတော်မူသော ဆုကျေးဇူး အားလုံးကိုခံစားပိုင်ခွင့်ရှိကြ ၏။ တစ်ချိန်ထဲမှာပင် ဤ ကျေးဇူးများကို ထိန်းသိမ်းခြင်း၊ တိုးပွားအောင်လုပ်ဆောင် ခြင်း၊ ဘုန်းတော်ထင်ရှားရန်ထိုက်တန် စွာအသုံးပြုခြင်း၊ သူတစ်ပါး အားဝေမျှပေးကမ်းခြင်း စသည့် တာဝန်များလည်းရှိ၏။ ထို့ ကြောင့်ခရစ်ယာန်များသည် ဘုရားသခင်က ပေးအပ်ထား သော ဆုကျေးဇူးများကို စီမံ ခန့်ခွဲထိန်းသိမ်းသူမျ-- (သို့) ခရစ်ယာန်ဘဏ္ဍာစိုးများဖြစ် ကြ၏။ ဘဏ္ဍာစိုးအဖြစ် ခံယူ ရရှိခြင်းသည် အခွင့်ထူးတစ်ခု ဖြစ်သကဲ့သို့ တစ်ဘက်မှလည်း တာဝန်များစွာရှိကြောင်းကို သတိပြုရမည်ဖြစ်၏။

ကျွန်ုပ်တို့သည် ဘုရား သခင်၏ ဘုန်းတော်ထင်ရှား ရန်အတွက် လည်းကောင်း၊ ဘုရားသခင်၏ ချစ်ခြင်း မေတ္တာကို ပြသရန်အတွက် လည်းကောင်း၊ ဘုရားသခင်၏ ဝမ်းမြောက်ဖွယ်သတင်းကောင်း ကို မျိုးစေ့သဘွယ်မျိုးပွားရန် အတွက်လည်းကောင်း၊ လူ့လူ ချင်း စာနာထောက်ထား၍ မစ ခြင်းပြုရန်အတွက်လည်းကောင်း၊ ဤပေးအပ်ထားသော ဆု ကျေးဇူးများကို ထိုက်တန်စွာ စီမံခန့်ခွဲရန် ဝေငှသုံးစွဲရမည် ဖြစ်၏။

**ပေါင်းသင်းဆက်ဆံမှု**

ပေါင်းသင်းဆက်ဆံမှု ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆက်ဆံခြင်း၊ အဆက်အသွယ် ပြုလုပ်ခြင်း ဖြစ်၏။ မှန်ကန်သော ပေါင်း သင်းဆက်ဆံခြင်းဖြစ်ရန် မိသားစုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မိတ်သဟာရဖြင့်၍၊ အတူတစ်ကွ ဝတ်ပြုကိုးကွယ်ခြင်း၊ စုပေါင်း လုပ်ဆောင်ခြင်း၊ တစ်ဦးအကျိုး အတွက်တစ်ဦးက ကူညီမစခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ် ၏။

**ပေါင်းသင်းဆက်ဆံခြင်း၏ အနှစ်သာရ**

ဘုရားသခင်သည် လူ ကိုဖန်ဆင်းစဉ်ကပင် အစုအ ဝေး၊ အသိုင်းအဝိုင်းနှင့်နေထိုင် ရန်ဖန်ဆင်းခဲ့၏။ ထို့ကြောင့် လူသည်တစ်ဦးတည်း နေထိုင် ၍ အခြားသူများနှင့်ပေါင်းသင်း ဆက်ဆံခြင်း မရှိပါကအလိုအ လျှောက်ပျက်စီးခြင်းသို့ ရောက် သွားနိုင်၏။ ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်ရာ လည်းရောက်၏။

ပေါင်းသင်းဆက်ဆံ ခြင်းသည် ခရစ်ယာန်အသက် ရှင်ခြင်း၏ အဓိကသော့ချက် တစ်ခုဖြစ်၏။ ဘုရားသခင်က ပေးအပ်ထားသော ဆုကျေးဇူး လည်းဖြစ်၏။ အသင်းတော် သည် ပေါင်းသင်းဆက်ဆံခြင်း အမှုကိုပြုရန်အတွက် ဗဟိုဌာန ဖြစ်၏။ ထို့ကြောင့် ခရစ်ယာန် တစ်ယောက်သည် အသင်း တော်နှင့်ကင်းကွာခြင်း၊ အ ဆက်ပြတ်ခြင်း၊ ဘုရားကျောင်း သို့တက်ရောက်မှု မရှိခြင်းသည် မိမိအား စွမ်းအင်နှင့် ခွန်အားကို ပေးသည့် အရင်းမူလနှင့် အ ဆက်ပြတ်သကဲ့သို့ ဖြစ်သော ကြောင့် ဝိညာဉ်အသက်တာ သည်ရှင်သန်ဖွံ့ဖြိုးခြင်း ရှိနိုင် မည်မဟုတ်ပေ။

ခရစ်ယာန်တစ်ဦး၏အ သက်တာတွင်ပြုအပ်သောပေါင်း သင်းဆက်ဆံမှုများနှင့် ပတ် သက်၍ လေ့လာမည်ဆိုပါက–

(၁) ဘုရားသခင်နှင့်ဆက်ဆံခြင်း၊
(၂) အိမ်ထောင်စုအတွင်းပေါင်း သင်းဆက်ဆံခြင်း၊
(၃) အသင်းတော်အတွင်းပေါင်း သင်းဆက်ဆံခြင်းနှင့်
(၄) အခြားသူများနှင့် ပေါင်း သင်းဆက်ဆံခြင်း ဟူ၍အဆင့် ဆင့်ခွဲပြီး လေ့လာသုံးသပ်သင့် ၏။

**၁။ ဘုရားသခင်နှင့်ဆက်ဆံခြင်း။**

ဘုရားသခင်အား ထိုက် တန်မှန်ကန်စွာဆက်ဆံနိုင်ရန် အတွက်ကျွန်ုပ်တို့သည်ဘုရားရှင် ကို သေချာစွာသိရန်လို၏။ ဤသို့သိရှိနိုင်ရန်သမ္မာကျမ်းစာ ကိုသေချာစွာလေ့လာရမည်ဖြစ် ၏။

ဘုရားသခင်သည် လူသား အားလုံး၏ဖန်ဆင်းရှင်ဖြစ်၏။ (ကမ္ဘာ ၁း၂၇လူသားအားလုံးကို ချစ်တော်မူ၍ မိတ်သဟာယပြု လို၏။ (ကမ္ဘာ ၃း ၈၊ ၅း ၂၂-၂၄)လူသည်ဘုရားသခင်၏စကား ကိုနားမထောင်အပြစ်ကိုလုပ်ခဲ့ သည့်အတွက်ဘုရားသခင်နှင့်ဝေး ကွင်းခဲ့ရ၏။ (ကမ္ဘာ ၃း၁၁-၂၄)သို့သော် လူသားတို့အားချစ် တော်မူသောကြောင့် အပြစ်မှ ကယ်တင်၍ ထာဝရအသက် ကိုရစေရန် တစ်ပါးတည်း ဖြစ် သော သားတော် သခင်ယေရှု ကိုစေလွှတ်၍ ကယ်တင်ခြင်း ပြုခဲ့၏။ (ယော၃း၁၆)။ ထို့ကြောင့် ကျွန်ုပ်တို့အား ချစ် တော်မူသောဘုရားရှင်နှင့် ဆက်ဆံမှုပြုရာတွင် အခြေခံ အကျဆုံးသော အချက်မှာ ဘုရားသခင်ကို စိတ်နှလုံးအကြွင်း မဲ့၊ ဉာဏ်ရှိသမျှ၊ အစွမ်းရှိသမျှ နှင့် ချစ်ခြင်းနာခံခြင်းပင်ဖြစ် ၏။ (မဿဲ ၂၂း၃၇)

ကျွန်ုပ်တို့သည် ဘုရား ရှင်နှင့် မှန်ကန်သောဆက်ဆံမှု ကိုပြုနိုင်ရန်ဘုရားသခင်တွင်ရှိ သော ဂုဏ်ထူးဝိသေသတို့ကို သေချာစွာသိရန်လို၏။ ဘုရား သခင်သည်ကျွန်ုပ်တို့၏အဖဖြစ် ၏။ ထာဝရအစဉ်တည်ရှိ၍ဖန် ဆင်းရှင်ဖြစ်တော်မူ၏။ အနန္တ တန်ခိုးနှင့် ပြည့်စုံတော်မူ၏။ ဖြောင့်မတ်၍ မြင့်မြတ်သန့်ရှင်း တော်မူ၏။ သနားဂရုနာနှင့် ပြည့်စုံတော်မူ၍ချစ်ခြင်း မေတ္တာ ၏ အရင်းမူလလည်းဖြစ်တော် မူ၏။ စိတ်ရှည်သည်းခံခြင်း၊ ရှိတော်မူ၍ သစ္စာတရားနှင့် လည်း ပြည့်စုံတော်မူ၏။

ထို့ပြင် ဘုရားရှင်သည် သားသမီးများဖြစ်သော ကျွန်ုပ် တို့ကိုအကြံပေးခြင်း၊ အကာအ ကွယ်ပေးခြင်း၊ နားနေခွင့်ပေး ခြင်း၊ ချစ်ခြင်းမေတ္တာကိုပေး ခြင်း၊ ပြုစုပျိုးထောင်ပေးခြင်း၊ ခွင့်လွှတ်၍နှစ်သိမ့်ခြင်းကိုပေး ခြင်း၊ ဆုံးမပြုပြင်၍ လိုအပ်ရာ များနှင့် ကောင်းကျိုးအမျိုးမျိုး ကိုပေးခြင်းတို့ပြုတော်မူ၏။

ကြီးမားလှသောဘုရားသခင် ၏မေတ္တာကို တုန့်ပြန်နိုင်ရန် ဘုရားသခင်၏ အလိုဆန္ဒနှင့်အ ကြံအစည်တော်ကို သိရန် လည်းလို၏။ ဘုရားသခင်သည် ဆုတောင်းသံကိုနားထောင်၍ အဖြေပေးရန် အမြဲဆန္ဒရှိ၏။ လူသားတိုင်းအား မိမိ၏သား သမီးများဖြစ်ကြရန်တောင့်တ မျှော်လင့်၏။ ပြည့်ဝသော အသက်တာကို ရစေလို၏။ ကြောက်ရွံ့စိုးရိမ်ခြင်းမှ ကင်း ငြိမ်း၍ စိတ်ငြိမ်သက်ခြင်း ကိုရ စေလို၏။ လူသားတိုင်းအား ထာဝရနေထိုင်ရန် အိမ်တော် ကိုပေး၍ကယ်တင်ခြင်း ဆု ကျေးဇူးကိုလည်း ပေးလို၏။ ကျွန်ုပ်တို့တစ်ဦးစီ၏ လိုအပ် ချက်များကိုလည်း ဖြည့်ဆည်း ပေးလို၏။

**သင့်ကိုယ်ကိုသင်သိပါ။**

ထို့ကြောင့် ကျွန်ုပ်တို့ သည် ဘုရားသခင်နှင့်မှန်ကန် သော ထိုက်တန်သောဆက် ဆံမှုပြုရန်မိမိကိုယ်မိမိ သိရန်လို ၏။ မိမိ၏တာဝန်ဝတ္တရားများ ကိုလည်းသိရန်လို၏။

ကျွန်ုပ်တို့သည်မိမိကိုယ် မိမိဖန်ဆင်းခံလူသား၊ ဘုရား သခင်၏ဘဏ္ဍာစိုး၊ အပြစ်သား၊ ခရစ်တော်အားဖြင့် အပြစ်၏ ကျေးကျွန်ဘဝမှကယ်တင်ခြင်း ကိုခံရသူ၊ ဘုရားသခင်၏သား သမီးအမွေစားအမွေခံ၊ ကောင်း ကင်နိုင်ငံသို့ဝင်စားခွင့်ရှိသူ၊ သန့် ရှင်းသော ဝိညာဉ်တော်ကိန်း အောင်းရာ ဘုရားသခင်၏ အသိသက်သေများ၊ သံတမန် များ ဖြစ်ကြသည်ကိုသိရမည်။

ထို့ကြောင့်ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်၊ ကျွန်ုပ်တို့တွင် ရှိသမျှ၏ပိုင်ရှင်၊ ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့် ပြည့်ဝစုံလင်သော စံပြဖခင်ဖြစ် ကြောင်းသိမြင်ရမည်။

ထို့ပြင်ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများအ နေ နှင့်ဘုရားသခင် အလိုတော် ကို သိရမည်။ လက်တွေ့လိုက် နာ ကြင့်ကြံမည်။ သွန်သင် ချမှတ်ထားသော နှုတ်ကပတ် တရားတော်များ၊ ပညတ်များ ကိုနာခံ၍လိုက်နာကျင့် သုံးကြ ရမည်။ ဘုရားသခင်သည် မိမိ ၏ဖခင်ဖြစ်သည်ကို သိရှိလျှက် ပြုလေရာရာတွင်ချစ်ခြင်းမေတ္တာ ဖြင့်တုံ့ပြန်ရမည်။ (ယော ၁၄း ၂၀-၂၁)ဘုရားသခင်ကိုဝတ် ပြု ကိုးကွယ်ရမည် (တရား ၆း၁၃) နာခံခြင်းရှိရမည် (ယော၁၄း၁၅) ဘုရားသခင်အားချစ်၍ စေခိုင်း သည့်အတိုင်း အမှုတော်ကို ဆောင်ခြင်းပြုရမည်။ (တရား ၁၁း၁၃)

ကလေးတို့အတွက် ပုံပြင်လက်ဆောင် ကဏ္ဍ

# အို ဒီလိုလား!

တစ်နေ့သော နေ့တစ်နေ့တွင် သာယာလှပ၍ ကောင်းကင်ပြင်တစ်ခုလုံးသည်လည်း တောက်ပသော နက္ခတ်တာရာများနှင့် လင်းထိန်ကာ ဘုရားသခင်ကလည်း မိမိဖန်ဆင်းပြီးသော လက်ရာများကို ကြည့်ရင်း ကြည်နူးပီတိဖြစ်နေသော အချိန်ဖြစ်သည်၊ ဘုရားသခင်ကလည်း အသက်စာစောင်ကို ဟိုလှန် ဒီလှန် ကြည့်ကာ အမည်နာမများ လူသားတို့က သူ့အား ကျေးဇူးတော် ချီးမွမ်းသည့် မှတ်တမ်းများကို ပြန်ကြည့်နေသည်။

“အို... ငါဖန်ဆင်းလိုက်တဲ့လူသားဟာ တစ်ချိန်တုန်းက မသိလို့ ငါ့စကားကိုနာခံမှုမရှိဘဲ လမ်းမှားခဲ့ပေမယ့် ကယ်တင်ခြင်း အမှုကိုပြုပြီးနောက်ပိုင်း တစ်နေ့ထက်တစ်နေ့ ယုံကြည်လက်ခံသူများ၏ များ၍ လာသည်ကို ကြည့်ရင်း အို.. ငါ့ကို လူတွေပြန်မှတ်မိ ကြပြီတဲ့ ငါရည်ရွယ်ချက်တွေ တစ်နေ့တော့ ပြည့်စုံလာတော့မည်” ဟုဝမ်းသာပီတိ အပြုံးလေးတစ်ချက်ကိုပြုံးရင်းမှ လောကကို အစဉ်လှည့်လည်ကြည့်ရှု၍ ကောင်းမကောင်းကို သတင်းပို့နေသော သတင်းထောက်တစ်ဦး ဝင်လာ၏။ ထိုသူကား နာမည်ကျော်သတင်းထောက် ကောလဟာလ သတင်းသမား “စာတန်”ပင် ဖြစ်လေသည်။ လူသားတို့၏ ကောင်းခြင်း၊ မှန်ကန်ခြင်းတို့ကိုပင် ယုတ္တိရှိရှိ စွတ်စွဲ၍ ရှုတ်ချတတ်သူ ဖြစ်လေရာ ယခုတစ်ဖန် ဘာတွေ ရှုတ်ချနေပြန်အုံးမှာလဲ ကြည့်ကြပါစို့၊

ထိုအခါ စာတန်သည် လောက၌ ရှိသောလူသားများ ဘုရားသခင် ပေးတော်မူသော အရာနှင့် မရောင့်ရဲနိုင်ကြသော ကြောင့် ယောက်ျားတို့ကလည်း မိန်းမ (၂-၃) ယောက်နှင့် ပေါင်းနေကြကြောင်း (ကမ္ဘာဦး ၂း၂၄)ကိုလည်းချိုးဖောက်နေကြကြောင်း အချင်းချင်းလောဘ ရမက်ကြီးပြီး သတ်ဖြတ်ကြတာ နိုင်ထက်စီးနင်းပြုနေကြကြောင်း (မဿဲ ၆း၂၃၊ ၃၃-၃၄၀) တို့ကိုလည်း ချိုးဖောက်နေကြကြောင်း စွတ်စွဲလေသည်၊ ၎င်းအပြင် လူသည် ရသောအရာနှင့် မရောင့်ရဲ ကျေးဇူးတော်ကို ချီးမွမ်းဖို့ရန်ထက် မိမိ၏ လိုသောအရာကိုသာ မတရားတောင်းနေကြကြောင်း တောင်း၍ မရသောအခါ (မဿဲ ၇း၇) အရ ဘုရားသခင်က ကျွန်ုပ်တို့ကို ညာပြီး ရိက်စားနေတဲ့သူပဲဟု ပြောနေကြကြောင်း စွတ်စွဲချက် တင်လေသည်။

ထိုကြောင့် ဘုရားသခင်သည်လည်း ၎င်းကို မယုံနိုင်အောင် အံ့သြမိပြီး မဖြစ်နိုင်တာကွာဟုဆိုကာ ကောင်းကင်တမန် (၂)ပါးကို စေလွှတ်လေသည်။ တစ်ပါးက လူသားတို့လိုချင်သော အရာများ ကောင်းသောအရာများကိုသာ စာရင်းကောက်ပြီး လူဦးရေစာရင်းကို ယူလာရန်နှင့် ကျန်တစ်ယောက်အား ကျေးဇူးတော်ချီးမွမ်းသော အရေအတွက်လူဦးရေစာရင်းကို ကောက်ခံ ယူလာရန်ဖြစ်သည်။ ထို့ကြောင့် ကောင်းကင်တမန်နှစ်ပါးတို့သည်လည်း လောကသို့ ဆင်းလာကာ ထောက်လှမ်းရေး လုပ်ငန်းကို ဆောင်ရွက် ကြလေတော့သည်။ ပထမ ကောင်းကင်တမန်သည် စာရင်းများလွန်း၍ ထည့်စရာအိတ်ပင် မဆန့်တော့ဘဲ ခါးပင် ဒယိမ်းဒယိုင်နှင့် မနိုင်မနင်းသယ်ယူသွားကာ ဘုရားသခင်ထံပျံတက်သွားလေတော့၏၊ နောက် (၁၀)နှစ်လောက်ကြာမှ ဒုတိယ တစ်ပါးကလည်း ပျံတက်သွားလေရာ ဘုရားသခင်ထံ ရောက်သောအခါ၌ ဘုရားသခင်က “မင်းရဲ့အဖော်ကော”ဟုမေးလိုက်ရာ “အို ..ဘုရားသခင် သူပြန်လာတာ (၁၀)နှစ်လောက် ကြာပြီးမှ ကျွန်တော်ကပြန်လာတာ သူမရောက်သေးဘူး ဟုတ်လား” ဟုမေးလိုက်လေရာ ထိုစဉ်၌ ဆံပင်များ ဖြူပြီး သွားများပင်ကျိုးကာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဖြင့် တောင်းကြီးတစ်လုံးထဲမှာ ဟောင်းနွမ်းနေသော စာရွက်စာတမ်းများကို မနိုင်မနင်း သယ်ယူ၍ ဝင်လာလေ၏၊ ထိုပြင် မနည်း ပြန်၍ သုတေသနလုပ်ကာ ပြန်ဖတ်နေရသည်။

ထိုအခါ ဘုရားသခင်က သူတို့နှစ်ဦးအား သေချာစွာ ပြန်စစ်မေးကြည့်ရာ စာတန်၏ စွတ်စွဲချက်သည် မှန်ကန်နေကြောင်း မိမိတို့နှစ်ဦးကို ကြည့်ခြင်းအားဖြင့်၎င်း၊ စာရင်းဇယားကို ကြည့်ခြင်းအားဖြင့်၎င်း သိနိုင်ကြောင်း ပြိုင်တူ အဖြေပေးကြလေသည်၊ အကြောင်းမှာ ကျေးဇူးတော်ချီးမွမ်းခြင်း စာရင်းဇယားကို ဖွင့်ကြည့်လိုက်ရာ တစ်ယောက်မှ မတွေ့လိုက်ရဘဲ ပေးလိုက်သော စာရွက်ဖြူ အတိုင်းသာ ဘုရားသခင်အား ပြန်ပေးလိုက်လေသည်၊ ထိုအခါဘုရားသခင်ကလည်း နဖူးခတ်၍ နောက်ဆုံး ရေရွတ်လိုက်သော အဖြေကား “အို...ဒီလိုလား”

**ချင်းလေး (ပလက်ဝ)**




# ဓါတ်ပုံ မှတ်တမ်း



ဖေးနွစ်တာကြိုပိုင်းထဲသို့ အလဲထိုးရန် ‹စာတန်အား› လူသစ်တန်းအဖြစ် ဝင်ရောက်လာသူများ။



ကမ္ဘာအေးလိုက်ဂူဘုရားသို့ လေ့လာရေး ခရီးတစ်ခေါက်။



နွေရာသီ လက်တွေ့ကွင်းဆင်း သင်ကြားမှုပေးခဲ့စဉ်။



▲ နောက်ဆုံးနှစ်
◀ တတိယနှစ်

ဒီရင်ဘာခရီးစဉ်-ဂတ်စုကျေးရွာ ▶



◀ မွေးဖွားတော်မူခြင်းဇာတ်မဟာကြီး-မြို့ကြီး






ခုချိန်မှာ ကိုယ်ဟာ အေးမြငြိမ်းချမ်းတဲ့ မေတ္တာစစ် တစ်ခုကိုလည်း မျှော်လင့်သိနေခဲ့ပြီလေ။

■

ဖောက်ပြန်တတ်တဲ့ ယောကျ်ားတစ်ယောက်ကြောင့် ယောကျ်ားတွေဟာ သစ္စာမဲ့တယ်လို့ ဝါးလုံးရှည်နဲ့ သိမ်းကျုံးမရမ်းချင်ပါဘူး၊ တကယ်ဆိုရင်ကိုယ့်ဘက်ကလိုနေသေးတယ်လို့ဘဲ ဝန်ခံပါ့မယ်။ ဘာဖြစ်လို့လဲဆိုတော့ သစ္စာရှိပြီးစစ်မှန်တဲ့ ယောကျ်ားကောင်းတစ်ယောက်ကိုမှ မရှာဖွေနိုင်ခဲ့တဲ့ ကိုယ်ရဲ့အားနည်းချက် (ဒါမှမဟုတ်) ကိုယ်ရဲ့အသုံးမကျမှုကိုပေါ့၊ ဟုတ်တယ်၊ တကယ်ကိုမှားခဲ့တာ။ အကြီးအကျယ်ကိုမှားခဲ့တာ။ ဘဝတစ်ခုလုံးကို ရင်းပြီး မှားခဲ့တာလေ။ အဲဒါတွေကိုပြန်ပြီးမတွေးချင်တော့ဘူး၊ ပြီးခဲ့တာတွေလည်းပြီးပါစေတော့၊ အနာဂတ်ခရီးသစ်မှာ ဘယ်လို ပုံစံနဲ့ အသက်ရှင်ရမယ် ဆိုတာကိုဘဲ စဉ်းစားရတော့မယ်။

■

သမီးလေးရဲ့မျက်နှာနဲ့ လောကကိုရင်ဆိုင်ရဲခဲ့တယ်။ သမီးဟာကိုယ့်ကမ္ဘာ၊ ကိုယ့်ဘဝ၊ ကိုယ့်အနာဂတ်တွေဖြစ်ခဲ့တယ်။ ပင်ဝန်းကျင် ရေစီးကြောင်းမှာ လွင့်ပါးခဲ့ရတဲ့ ကိုယ့်ဘဝကို ဘယ်သူအကောင်းဆုံး မြင်နိုင်မှာလဲ။ မြေသားကြမ်းပြင် မညီညာပဲ ရေစီးမျောရာ လိုက်ပါလာတဲ့ ပန်းကလေး တစ်ပွင့်ဟာ တစ်ခါတစ်လေ အင်အားမမျှတဲ့ ဝဲဂယက်ကြောင့် ချာလပတ် လည်ခဲ့ရတယ်လေ။ တစ်ခါတစ်လေ ရေစီးကြောင်းထဲက ကျောက်ခဲတွေကြောင့်လည်း ပွန်းပဲ့နေခဲ့ပါပြီ။

■

"ကိုယ်..အရေထူသွားပြီလား" စဉ်းစားကြည့်တယ်၊ ခံနိုင်သလိုလိုတော့ ရှိလာတယ်၊

ရင်ထဲမှာ တင်းကျပ် နေသလိုပဲကွာ၊ မင်းကို ခုလိုရင်ဖွင့်ဖြစ်တော့ ရင်ထဲပေါ့ပါးသွားတယ်။ အခုမင်း သိနေရတာတွေက ကိုယ့်အကြောင်းတစ်စိတ်တစ်ဒေသတွေပါ။ မင်းသိချင်သေးရင်အစကနေပြန်ပြောပြမယ်။

ကိုယ့်ဖေဖေဟာ ပန်းချီရေးရင်း အသက်မွေးတဲ့ယုံကြည်သူတစ်ယောက်ဆိုတာလည်း မင်းသိသားပဲ။ ဖေဖေဟာ ကြိုးစားရင်းနဲ့ အောင်မြင်ခဲ့တယ်။ အောင်မြင် နေတဲ့အချိန်မှာ ဖေဖေဟာ တပည့် တပန်းတွေလည်း များနေပြီ။

အဲဒီ တပည့်တွေထဲက တစ်ယောက်ဟာ ကိုယ့်ဘဝမှာ အထင်ကရဖြစ်ခဲ့ရသူပေါ့၊ သူဟာအစတုန်းကအညတြ ပန်းချီဆရာလေးတစ်ယောက်ပေါ့ လေ၊ ဒါပေမယ့် သူဟာကိုယ်တို့လို ယုံကြည်သူတစ်ယောက်တော့မဟုတ်ခဲ့ဘူး။ သူငယ်စဉ်ဘဝတစ်လျှောက်လုံးဟာ ကိုယ်တို့လို ဆန်းဒေးစကူး (ဥပုသ်စာဖြေကျောင်း) တက်ပြီး မှန်ကန်တဲ့ဆုံးမ သွန်သင်မှုတွေမရခဲ့ပြန်ဘူး၊ ငယ်ငယ်ကတည်းက ကြမ်းတမ်းခက်ထန်တဲ့ဘဝ ခရီးလမ်းကို ဖြတ်သန်းလာခဲ့ရတယ်၊

ဟုတ်ချင်လည်းဟုတ်မှာပေါ့။ သူ့ပုံကိုကြည့်ပြီးတော့လေ။

သူဟာ တစ်နေ့မှာ ကိုယ့်ကို "ချစ်တယ်"လို့ ပြောလာတယ်။ ကိုယ်အံ့သြသွားပေမယ့် မအံ့သြဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့မျက်လုံးတွေကို ကိုယ်သိလို့ပဲ။ ဒါပေမယ့် ကိုယ်က မိန်းကလေးဆိုတော့ နည်းနည်းချင့်ချိန်

ရတောပေါ့။ အိမ်က သဘောတူလား မတူဘူးလားဆိုတာလည်း မသိရသေးဘူး ယုံကြည်ရာချင်း မတူလို့ သဘောမတူဖို့ များမယ်ဆိုတာလည်း ကြိုသိနေသလိုပဲ လူကြီးတွေလည်း ရိပ်မိသလိုဖြစ်လာတယ်။ "သားရေပေါ်အိပ်၊ သားရေနားစား"ဆိုတဲ့စကားနဲ့ သူ့ကို ခဲပြော မှာကိုလည်း ကြားက ပူပန်နေမိတယ်။

"ကိုယ်သူ့ကို ချစ်နေမိပြီလား" တွေးကြည့်တယ်၊ သူ့ကို သနားတာလည်း ဖြစ်နိုင်တယ်၊ ဒါဆိုရင် သနားချစ်ပေါ့လို့ မင်းပြောမယ်၊ ဟုတ်မှာပါလေ၊ သနားချစ်ပေါ့၊ ဒီကြားထဲ အိမ်က သိသွားတယ်၊ သူကလည်း ကိုယ့်ကိုမှ မရရင် ဒီတစ်သက်မှာ ဘယ်လို အသက်ရှင်ရမယ်ဆိုတာ မသိတော့ဘူးလို့ ပြောလာတယ်၊ တောင်းတောင်းပန်ပန်နဲ့ပေါ့။ သူ့ကို တကယ်သနားသွားတယ်။ သူ့ကို တကယ် ချစ်သွားမိတာ။

ကိုယ့်နှလုံးသားဟာ မိုးကြိုးလွှဲမရှိလို့ အစိတ်စိတ်အမွှာမွှာပါပဲ....

မထင်မှတ်ဘဲ၊ မပြင်ဆင်ရဘဲ သူ့နောက် လိုက်ခဲ့တယ်။ အဲဒီ အချိန်မှာ ကိုယ့်အသက် ဆယ့်ကိုးနှစ်ပေါက်ပဲ ရှိဦးမယ်၊ အသင်းတော်က လူငယ် လုပ်ငန်းတွေ လှုပ်ရှားကောင်းနေတုန်းမှာ မိုက်မိုက်မဲမဲကို လုပ်ပစ်လိုက်တာ၊ ဆယ်ကျော်သက် မရင့်ကျက်သေးတဲ့ အရွယ်ပေါ့၊ ဆင်းရဲ့ဒုက္ခတွေကို ရင်ဆိုင်ခဲ့ရပေမယ့် "သူနဲ့ဘဲလေ" ဆိုတဲ့ အသိစိတ်နဲ့ ကိုယ်အရာရာကို ရင်ဆိုင်ခဲ့တာ။

ကိုယ် ပျော်ခဲ့ပေမယ့် အပျော်ရက်တွေဟာ တိုတောင်းခဲ့ပါတယ်၊ တစ်စနဲ့တစ်စ သူ့ အကြောင်းတွေကို သိလာတယ်၊ သူ့မှာ အရင်အိမ်ထောင် ရှိခဲ့တယ်တဲ့၊ အသင်းတော်ရဲ့ ဓမ္မဥပဒေ အရ ကြည့်ရင်ကိုယ်ဟာ အပြစ်အရမ်း ကြီးနေပြီ။ ကိုယ်နှလုံးသားဟာ မိုးကြိုးလွှဲ မရှိလို့ အစိတ်စိတ် အမွှာမွှာပါပဲ။ ရစရာ မရှိအောင်ကို ကွဲကြေသွားတာ။

ကိုယ့်ရဲ့ ဖြူစင် သန့်ရှင်းတဲ့ အပျိုစင်ဘဝကို သူ့လက်ထဲမှာ ယုံယုံကြည်ကြည်နဲ့ အပ်လိုက်တာဟာ သူ့ကို ချစ်တာ တစ်ခုတည်း ကြောင့်ပါ။ ခုတော့ နောင်တတွေ ရနေပြီ။ အဲဒီ နောင်တတွေဟာ ပြန်ပြင်လို့မရတဲ့ နောင်တတွေပေါ့ ကိုယ့်ဘဝမှာ ဘယ်လိုမှ ဖျက်လို့မရတဲ့ အမည်းစက် စွန်းထင်ခဲ့ရပြီလေ။ နာကျင်ခံခက် အဖြစ်ဆုံးပါဘဲ။ ကိုယ် ဘာဆက်လုပ်ရမှာလဲ၊ မေးခွန်းရဲ့အဖြေကို စဉ်းစားကြည့်ပေမယ့် ဘယ်လိုမှမရခဲ့ဘူး။ ဒီကြားထဲ သူ့ခြေလှမ်းတွေက မမှန်ချင်ဘူး။ နောက်တစ်ယောက်နဲ့ တွဲနေသလိုလို့လည်း ကြားတယ်။ သူ့ကို ကိုယ်က ပုံသက်သေကောင်းပြပေမယ့် လုပ်ရက်လိုက်တာ။ ဒါပေမယ့် ကိုယ် သူ့အပေါ်မှာ မေတ္တာမပျက်ခဲ့ဘဲ သူ့အတွက် အကောင်းဆုံး ဖြစ်အောင် ဆုတောင်းပေးနေခဲ့တယ်။

သူရဲ့ ကြီးပြင်း ဖြတ်သန်းခဲ့ရတဲ့ ဘဝဟာ ပင်ပန်း ဆင်းရဲလွန်းလို့ ခုလိုထွက်ပေါက်တွေ တစ်ခုပြီး တစ်ခု ရှာနေပေမယ့် သူဟာ မှားပြီးရင်း မှားဘဲ အဲဒီအချိန်မှာ ကိုယ်ဟာ သမီးလေးကို ဝမ်းမှာ လွယ်ထားရပြီလေ၊

သူဟာကိုယ်နဲ့ "ကွာရှင်းပါရစေ" လို့ သူ့နှုတ်က လွယ်လွယ်နဲ့ပြောထွက်ခဲ့တယ်၊ လွယ်လိုက်တာ၊ ခက်ခက်ခဲခဲနဲ့ တည်ဆောက်ထားတဲ့ ဘဝတစ်ခုကို လွယ်လွယ်ကူကူနဲ့ ဖျက်ဆီးတော့မှာလား ကိုယ်က ဘာဖြစ်လို့ သူ့ကို စိတ်မနာရတာလဲ အဲဒါကို စဉ်းစားလို့ မရဘူး ကိုယ့်ဘက်ကတော့ အမှန်ကန်ဆုံးဖြစ်အောင် နေထိုင်ခဲ့တယ်။

ကိုယ်တို့ရဲ့ ဓမ္မဥပဒေ အရ ကွာရှင်းမှု မရှိလို့ မကွာရှင်းခဲ့ပေမယ့် သူ့ကို လွတ်လပ်ခွင့်တော့ ပေးလိုက်ပါတယ်လေ။ သူဟာနောက်တစ်ယောက်နဲ့ လက်တွဲသွားတယ်။

■

ဖေဖေတို့ကလည်း ပြန်ခေါ်တယ် အစ်မတစ်ယောက်က ဆံပင်အလှပြင်ဆိုင် ဖွင့်ထားတော့ အဲဒီမှာ ကူညီလုပ်ကိုင်ရင်း ပြန်နေဖို့လေ၊ သမီးလေးကိုလည်း ဖေဖေတို့ဆီမှာပဲမွေးဖြစ်တယ်။ သမီးလေးရဲ့ ဖေဖေကိုတော့ ကိုယ့်မိသားစုအားလုံးက စိတ်နာနေကြတယ်။ သမီးလေးဟာ သူ့အဖေနဲ့ရုပ်ချင်းတူတယ်။

အစ်မရဲ့ ဆံပင်အလှပြင်ဆိုင်မှာ ကိုယ့်ကိုကိုယ် မြှုပ်နှံရင်းဘဝကို တစ်ကပြန်စပြီး သမီးလေးအတွက် အသက်ရှင်ရပ်တည်ခဲ့တယ်။ ပတ်ဝန်းကျင်ရဲ့ အရိုက်အခတ်ဟာ အလူးအလိမ့်ပါဘဲ။ ဒါပေမယ့် ဂရုမစိုက်တော့ဘူး။

ကိုယ်လည်း အသင်းတော်နဲ့ ကင်းပြတ်သွားတာ တော်တော်လေးကြာသွားတယ်။ အဲဒီ အချိန်မှာဘုရားသခင်ရဲ့ ကျေးဇူးတော်ကို မေ့လာ[illegible]ယ်၊ ကိုယ့်ရဲ့ ရှိသမျှ အပြစ်တွေကိုလည်း ဝန်ခံ တောင်းပန်ချင်[illegible]ယ်။

ရေမျောပန်းပွင့်

ဒါနဲ့ ဘုရားကျောင်းက သင်းအုပ်ဆရာနဲ့တိုင်ပင်ကြည့်တော့ စစ်မှန်တဲ့ နောင်တ ရရင် ဘုရားသခင်ဟာ အပြစ်သားတွေကို အချိန်မရွေးပြန်လည် လက်ခံတယ်လို့ သိလိုက်ရတာဟာကိုယ့်အတွက် အနာဂတ် အားဆေးတစ်ခွက်ပါဘဲကွာ။ ကိုယ်လည်း ဘုရားကျောင်းမှာ ကိုယ့်အပြစ်တွေကို ဝန်ချတောင်းပန်ရင်း အသင်းတော်ရဲ့ လုပ်ငန်းတွေမှာ ပြန်ပြီး ပါဝင်လာနိုင်ခဲ့တယ်။

ကိုယ်သမီးလေး ကြရင်လည်း ကိုယ့်လို အဖြစ်မျိုးနဲ့မကြုံရလေအောင် အခုကတည်းကဘုရားသခင်[illegible]အပ်နှံပြီး ဆုံးမသွန်သင် တော့မယ်လို့ ကိုယ် ဆုံးဖြတ်ခဲ့တယ်။

ဒီအကြောင်းတွေဟာ ကြာခဲ့ပါပြီလေ၊ သမီးလေးလည်း ခုဆိုရင် မူကြို တောင်တက်နေပြီဘဲ။

■

ကိုယ့်အကြောင်းက ဒါပါဘဲကွာ။ မင်းနားထောင်ရတာ ပျင်းချင်လည်း ပျင်းမှာပေါ့။ ကိုယ်, အကြံတစ်ခုတော့ ပေးလိုက်မယ်။ နောင်ကို ဘယ်အရာမဆို ချင့်ချိန် စဉ်းစားပြီး အရာရာကို ဆောင်ရွက်ပါလို့။ အထူးသဖြင့် ထမ်းပိုးမညီတဲ့ အိမ်ထောင်ရေး ကိစ္စမျိုးနဲ့ ပတ်သက်လာရင် ပိုပြီး စဉ်းစားရမယ်။

ကိုယ့် အတွက်တော့ ဒါတွေဟာ ဘဝတစ်ခုလုံးနဲ့ ရင်းပြီး ရလိုက်တဲ့ သင်ခန်းစာတွေပါဘဲ။

မင်းဟာ မှန်ကန်တဲ့ လမ်းကို ရွေးချယ်နိုင်ပြီး ဆုံးဖြတ်ချက်နဲ့ ဆောင်ရွက်မှုတိုင်းဟာ ဘုရားသခင်ရဲ့မျက်နှာတော်ကို ထောက်ထားနိုင်ပါစေ။

ဖြိုး...ဘုရားသခင် ကောင်းချီးပေးပါစေ....။

စောနေ



- ■ ပုလောင်ကြမ်းတမ်း --- ကျွန်ပ်ဘဝမှာ
- ဖော်မပါတစ်ကိုယ်တည်း -- အထီးကျန်နေခိုက်
- အပူတိုက်ဆင် --- မီးလောင်ပြင်မှာ
- ဒဏ်ရာဒဏ်ချက် --- တသက်သက်ဖြင့်
- မျက်ရည်ကိုသာ --- အဖော်ပြုရတကား ။ ။

- ■ သောကပင်လယ် --- မုန်တိုင်းခက်ထန်
- အားငယ်ဝမ်းနည်း --- ပြန်လမ်းရှာခိုက်
- စခန်းမမြင် --- ဤရေပြင်မှာ
- မိုးတိမ်မှောင်မည်း --- လှုပ်ပန်းတစ်လက်လက်ဖြင့်
- ကြောက်လန့်ငိုကြွေး --- ရတကား ။ ။

- ■ ထိုစဉ်နေခိုက် --- ခရစ်တော်ဟူလျှင်
- ကျွန်ပ်တွေ့မြင် --- ကွန်းခိုချိန်၌
- အပူအေးငြိမ်း --- သောကပြေကာ
- အားအင်ပြည့်ဖြိုး --- ဘဝသစ်ဖြင့် လျှောက်လှမ်းရန်ပြင်
- ဝမ်းသာမျက်ရည် --- ကျရတကား ။ ။
- ပူဆွေးမျက်ရည် --- ချုပ်ငြိမ်းရတကား ။ ။

မင်းမင်း (ကယား)



# ချင်းလေး

(ပလက်ဝ)

> ကျောင်းပြီးလို့ အိမ်ပြန်ရောက်ချိန် ကလေးလည်း သုံးနှစ်အရွယ်ခန့်ရှိပြီမို့ ကျွန်တော့ကို မမှတ်မိ အဖေဖြစ်သူကျွန်တော်သည်လည်း သားလေးကိုမြင်သောအခါ မမှတ်မိနိုင် သူငယ်တန်းက သင်ခဲ့သောကဗျာလို "လူ့စကား သူမသိ၊ သူ့စကားလူမသိ" ဟူသော ပါပီကလေး၏ ဘဝလိုဖြစ်နေကြရသည်။

(၁)

"လူတစ်ယောက်ရဲ့ကုသိုလ်ကံ အလှည့်အပြောင်းဟာ ဖိုးဟပ်တစ်ကောင်ရဲ့ကုသိုလ်ကံ အလှည့်အပြောင်းနှင့်အတူတူတဲ့" လို့ "ရွက်မရှိရင်တက်၊ တက်မရှိရင်လက်ချည်းလှော်မည်" ဆိုတဲ့အင်္ဂလိပ်ဘာသာပြန်ဝတ္ထုစာအုပ်ထဲတွင် ဖတ်ဖူးသည်။ တကယ်တော့ ကျွန်ုပ်၏ဘဝသည်လည်း ထိုကဲ့သို့မယုံနိုင်အောင် အလှည့်အပြောင်းတွေက မြန်ဆန်လွန်းသည်။ ဖေဖေကွယ်လွန်ပြီးသည့်နောက်ပိုင်း ညီအစ်ကိုနှစ်ဦး အပြစ်မဲ့စွာဆော့ကစားခဲ့သော သဲသောင်ပြင် နေရာလေးသည် ပတ်ဝန်းကျင်၏ ပယောဂကြောင့်ဆိုရမလား ကံကြမ္မာ၏ အလှည့်အပြောင်းကြောင့် ဆိုရမလား၊ အမေသည် နောက်အိမ်ထောင်အသစ်ပြုသောအချိန်၊ ထိုသဲသောင်ပြင်နေရာလေးသည် အမေ့လက်ကိုအတင်းဆွဲ၍ နှစ်ဦးသား ဖက်ယမ်းပြီး ငိုကြွေးခဲ့ရသောနေရာ ယခုအချိန်ဆိုပွဲသံသာနားထဲ ဝဲပျံကာစွန့်လွှတ်ရက်တဲ့ ဂေါ်ဇီလိုအမေရယ်ဟူ၍သာ ပါးစပ်အဟောင်းသားဖြစ်နေကြရပြီ။

(၂)

လူသည်မိမိ၏ပတ်ဝန်းကျင်နှင့် အစဉ်ထိတွေ့ဆက်ဆံနေရသူမို့ ပတ်ဝန်းကျင်နှင့် အခြေအနေ၏ ဒဏ်ကို ခံနေရသည်။ ပတ်ဝန်းကျင်သည် လူတို့၏ ဘဝများစွာကို ပြုပြင်နိုင်စွမ်းရှိသည်။ တစ်ခါတစ်လေကျင်လည်နေရသော ပတ်ဝန်းကျင်သည် အသက်တစ်ရာမရှည်သော်လည်း အမှုတစ်ရာကိုတွေ့စေတတ်သည်။ တစ်ချိန်တုန်းကကျွန်တော်ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်သည်လည်း လှိုင်းလေထန်သော နေ့ရက်၊ ရာဇဝင်တွင်လောက်သောဘဝ၏ သမိုင်းစဉ်ကို မွေးဖွားပေးခဲ့သည်ဆိုရမလား၊ ပတ်ဝန်းကျင်၏ လှိုင်းဂရက်ထန်မှုကြောင့် အမေ့ကိုဂေါ်မာအဖြစ်သို့ရှင်း၊ ကျွန်ုပ်၏ချစ်ဖနီး ဂေါ်မာကိုယ်တိုင်လည်းကျွန်ုပ်ကိုစွန့်ခဲ့သည်။

(၃)

လွန်ခဲ့သော အတိတ်ဟောင်း တစ်နေရာစီကိုပြန်ပြောင်းကြည့်ရင် အဲဒီ အချိန်မှာ ဂေါ်မာဟာ ကိုယ်ဝန်အရင့်အမာနဲ့ပေါ့၊ ကိုယ်ကလည်း ကိုယ်ဘဝမှာ မျှော်လင့်ခြင်းဆိုတာ ဘုရားသခင်အပေါ်မှာ ပုံအပ်ထားတာမို့ ဂေါ်မာနှင့်ကိုယ်တို့ ချစ်စကြင်စမောင်နှံနှစ်ဦးဟာ အစမှာ ပျားရည်ဆမ်းခရီးတွေ ထွက်နိုင်ခဲ့ကြပေမယ့်၊ ဂေါ်မာက ကျွန်တော်ကို အစိုးရအလုပ်ပဲ လုပ်စေချင်သည်။ လစာများများရမည့်လုပ်ငန်း၊ ဝင်ငွေများများရမည့် လုပ်ငန်းဆို မှားမှားမှန်မှန်လုပ်စေချင်သည့် ဆန္ဒသည် ဂေါ်မာ၏သဘာဝ၊ အရုပ်အမောင်းမတူ၊ အသားအရောင်မတူ၊ လူမျိုးမတူသော်လည်း သဘောထားတူညီလျှင် ပေါင်းရလွယ်သည်။ ခံယူချက် သဘောတရားမတူလျှင် လူသည် ပေါင်းသင်းဆက်ဆံရန် ခက်ခဲလှသည်။ ဂေါ်မာနှင့်ကိုယ်တို့ ဘုရားကျောင်းမှာလက်ထပ်စဉ်က ပြုံးပန်းတစ်ရာ ဝေစေနိုင်ခဲ့သော်လည်းအမုန်းတစ်ရာပွားစေခဲ့သည်။

(၄)

ကျွန်တော် ကျမ်းစာကျောင်း သွားမည့်နေ့မတိုင်မီ၊ ညတစ်ညမှာသူနှင့်ကျွန်တော်စကားလက်ဆုံ ကျမိသည်။ ကျွန်တော်သည်အစိုးရအလုပ်မှနုတ်ထွက်ပြီး အမှုတော်မြတ်အတွက် ကျမ်းစာကျောင်းတက်ရန် ရှင်းလင်းစွာပြောပြသည်။ ထိုအခါ ဂေါ်မာက သူသိခဲ့ရသော အကြောင်းအရာလေးတစ်ခုကို ပုံပြင်ဖွဲ့၍ ပြောပြလေ၏။ ရှေးရှေးတုန်းကလူတစ်ယောက်ဟာ လက်ထပ်ပြီး၊ အိမ်ကောင်းယာကောင်းဆောက်ကာနေကြတဲ့ အကြောင်း၊ အဲဒီအချိန်ထိုလူကလည်း အမှုဆောင်ရန်နိုင်ငံခြားမှာ မွေ့ပညာတော်သင်သွားတဲ့အကြောင်း၊ သွားတဲ့အချိန်မှာတော့ သူဇနီးကလည်း လေယာဉ်ကွင်းအထိ လိုက်ပို့တဲ့အကြောင်း၊ ကျောင်းလဲပြီးရောအိမ်ပြန်လာတော့ သူ့အိမ်နံပါတ်ကိုကြည့်လိုက်ရာ "ဟာ– ဒါ ငါ့အိမ်နံပါတ်အစစ်ပဲ၊အိမ်များမှားနေသလား၊

အခုတော့ဘယ်လိုများ ဖြစ်သွားပါလိမ့်" ဟူ၍ ဝေခွဲမရ ဖြစ်နေတဲ့အကြောင်း တကယ်တော့ သူ့အမျိုးသမီးဟာ သူတို့အိမ်ကို လာဆောက်ပေးတဲ့ အင်ဂျင်နီယာ သူဌေးကလေးနှင့်ညားသွားတဲ့ အကြောင်း၊ပြီးရင်ညနေကျတော့ အဲဒီ အမျိုးသမီးဟာ သူ့ယောကျာ်းအသစ်နှင့် အတူထမင်းစားခိုင်းတယ်တဲ့၊ အိပ်ဖို့တည်းခိုဖို့ နေရာမရှိရင် လည်းဆက်လက်ပြီး သူတို့ နှစ်ယောက် စီမှာဘဲ တည်းခိုဖို့ပြောတဲ့အကြောင်း၊ အဲဒီလူဟာ ဘယ်လိုခံစားရမလဲ အစ်ကို

မင်းအပေါ်မှာ ကိုယ်ချစ်တဲ့ အချစ်ဟာ "အဆိပ်ရည်လူးထားတဲ့ မြှားရဲ့ရှေ့မှာ စွန့်စားခုန်ပြနေတဲ့ နံပြည်စုတ် ငှက်ကလေး" လို့ပါ။

တဲ့ .........၊အဲဒီတုန်းက ဂေါ်မာဟာဘာကိုဆိုလိုနေသလဲ တကယ်အဖြစ်အပျက်လား၊ တမင်ထွင်ပြီးမှပြောလိုက်တာလား ဆိုတာ ကျွန်တော် နားမလည်နိုင်ခဲ့။ အဲဒီတုန်းက ကျွန်တော် ပြောလိုက်သေးတယ် "ကျွန်တော်ဟာ သမ္မာကျမ်းစာထဲက ဟောရှေ လိုဘဲ ခံစားသွားမှာပေါ့!" လူဆိုတာ အခြေအနေနဲ့ထိန်းကွပ်မှုအောက်မှာ နေရတာမို့ ကျွန်မလည်း အတိအကျ အာမခံချက် မပေးနိုင်ဘူးနော် အစ်ကိုတဲ့။

(၅)

ကျောင်းပြီးလို့အိမ်ပြန်ရောက်တဲ့အချိန် ကလေးလည်း သုံးနှစ်အရွယ်ခန့်ရှိပြီမို့ ကျွန်တော့်ကိုမမှတ်မိ၊ အဖေဖြစ်သူကျွန်တော်သည်သားလေးကိုမြင်သောအခါ မမှတ်မိနိုင်သူငယ်တန်းကသင်ခဲ့သောကဗျာလို "လူ့စကားသူမသိ၊ သူ့စကားလူမသိ"ဟူသောပါဠိကလေး၏ဘဝလိုဖြစ်နေကြရသည်။ ရောက်ရောက်ခြင်းကိုယ့်သားလေးကို "သားသားလေးရဲ့ အမေကော ဘယ်သွားလဲ" လို့မေးတဲ့အခါ လွန်ခဲ့တဲ့ (၂) နှစ်ခန့်၊ သားလေး (၁)နှစ်အရွယ်မှာ ဆုံးသွားပြီလို့ ဖွားဖွားကပြောတယ် "ဦးလေးကဘယ်ကလာတာလဲ" တဲ့ "ဘာကြောင့် အမေ့အကြောင်းကိုမေးရတာလဲ"တဲ့ မေးခွန်းများကိုမေးနေ၀ယ်။ ကျွန်တော် ဘယ်လိုဖြေရမလဲမသိဖြစ်နေသည်။ စိတ်ထဲ၌ကား "အိုသားရယ်–သားကိုစွန့်သွားတဲ့အမေကိုမသိတဲ့အပြင် အဖေ့ကိုတောင်မှ ဦးလေးလို့သာခေါ်နေရတဲ့ဘ၀ပါလားနော်" လို့ရေရွတ်နေမိသည်။ သားလေးကဦးလေးရယ်အဖေနဲ့တွေ့ခဲ့သလား၊ ဖွားဖွားကပြောတယ် အဖေဟာသကြားလုံးသွားဝယ်တယ်တဲ့၊ ဦးလေးရယ်အဖေဘယ်တော့မှပြန်လာမှာလဲ"တဲ့– "ငါဟာမင်းရဲ့အဖေအရင်းပါ" လို့ပြောသော်လည်း "မဟုတ်ဘူး" တဲ့–အင်းတကယ်တော့ သူ့အမေကို ပင်ဆုံးပြီ လို့ပြောနေတဲ့ကလေးငယ်လေးတစ်ယောက်ကအမိဝမ်းထဲမှာထားခဲ့ရသော (၄)နှစ်တာခွဲခွာရသောသားငယ် လေးအနေဖြင့် အဖေ့ကို ဘယ်လိုမှတ်မိနိုင်ပါမလဲ။

(၆)

ထူးဆန်းသောနေ့တစ်နေ့ ဟုဆိုရမလား၊ ဒဏ်ရာဟောင်းကိုဒုတ်နှင့်ဆွလှုပ်ထိုကဲ့သို့နာကျင်မှုလောက်ခံစားချင်မှခံစားနေဦးမယ်။ ထိုနေ့ မမျှော်လင့်ဘဲ ဂေါ်မာနှင့်ဆုံခဲ့ကြပြန်သည်။ လူသူကင်းမဲ့၍ တိတ်ဆိတ် ညတစ်ည၊ လရောင်အောက်မှာ.....ယုံကြည်သူတစ်ဦးရဲ့အိမ်က ကျေးဇူးတော်ကို ချီးမွမ်းခြင်းအပြီး အပြန်ခရီးမှာ ဝတ်လုံကိုပခုံးပေါ်တင်၍ ထွက်လာရင်းက "ဆရာပြန်လာပြီဆိုတာသတင်းကြားလို့နှုတ်ဆက်တာအိမ်မှာအစ်ကိုမရှိတာနဲ့ဒီဖက်ထွက်လာတာလေ"ရဲရင့်ခြင်းနှင့်ပြည့်ဝနေသောဂေါ်မာ၏စကား.... ထိုညကဂေါ်မာကို ကိုယ် ကျောခိုင်းလိုက်သည်။

(၇)

ဂေါ်မာနှင့်စကား မပြောသောညက ကိုယ်တစ်ညဉ့်လုံး အိပ်မပျော်နိုင်၊မနက်ဖြန် ဂေါ်မာနှင့် တွေ့တဲ့နေ့မှာ ကိုယ်ဘယ်ကစပြီး၊ ဘာတွေပြောရမလဲမသိ၊ ဤအဖြစ်ကိုမသိသောအပြစ်မဲ့ သားလေး၏ အိပ်ပျော်နေသည့်လေသံကိုနားထောင်းရင်း ပါးပြင်မို့မို့လေးကို အနမ်းလေးတစ်ပွင့်ပေးလိုက်ရင်းက အတွေးကမ္ဘာသည်လွန်ခဲ့သည့် (၁၀) နှစ်ခန့်က ဂေါ်မာနှင့်ကိုယ်တို့၏ ဓာတ်လမ်းဆီသို့။ ......လွန်ခဲ့သည့် (၁၀)နှစ် ၁၉၈၅–ခုနှစ်လောက်ကပေါ့............. ကိုယ်က အထက်တန်းပညာကို သင်ယူနေတဲ့အချိန်....

ဂေါ်မာ, မင်း..အဖြေပေးတဲ့နေ့မှာကိုယ်အရမ်းပျော်သွားတယ်၊ မင်းပစ်သွားတဲ့နေ့မှာလည်းဒူးနှင့်မျက်ရည်သုတ်တဲ့အထိ ကိုယ်ဖြစ်ခဲ့ရတယ်။ မင်းနောက်အိမ်ထောင်ပြုတဲ့အကြောင်း စာရတဲ့တစ်ညဉ့်လုံး ကိုယ်တို့ကျမ်းစာကျောင်းရှိဘုရားကျောင်းထဲမှာ ဆုတောင်းနေမိတယ်၊ မျက်နှာကိုတစ်ခါတစ်လေဂေါ်မာရဲ့မျက်နှာလိုမြင်ရတယ်၊ ဘုရားဖန်ဆင်းတဲ့လက်ရာတွေဟာ ဘာမှမပြောင်းလဲဘူးလို့ထင်ခဲ့တဲ့ ငါ–မင်းမရှိတဲ့ နောက်ပိုင်း ကိုယ်အတွက် သူစိမ်းဆန်ပြီး ပြောင်းလဲသွားကုန်ကြတယ်။ လူတွေရှန်းကန်ခံစားနေတဲ့ ဘဝကိုကိုယ်ဘာမှနားမလည်ခဲ့ဘူး။ ပျော်နေသူအဖို့မသိ ပေမယ့်ပတ်ဝန်းကျင်လောက ကြီးဟာအိုးထိန်းစက်ပမာ သွက်သွက်ချာလည်အောင်ပြောင်းလဲနေပါလားဆိုတာ မင်းခွဲသွားတဲ့နောက်ပိုင်းမှ နဖူးမှာ တံဆိပ်ခပ်ထားသလို သင်ခန်းစာတွေအများကြီး ရခဲ့တယ်။ တစ်ကယ်တော့ ကိုယ်ဟာ မိဘမဲ့ တစ်ကောင်ကြွက် တစ်မျက်နှာဘဝပါ ဂေါ်မာ၊ ဒါပေမဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့ ဘုရားသခင်ကပေးတဲ့ မေတ္တာဟာ ဆင်းရဲချမ်းသာ မရွေးပိုင်ဆိုင်ထားတာမို့– မင်းအပေါ်မှာ ကိုယ်ချစ်တဲ့ အချစ်ဟာ "အဆိပ်ရည်လူးထားတဲ့ မြားရဲ့ရှေ့မှာ ဓူန့်စားခန်း ပြနေတဲ့ နံပြည်စုတ်ငှက်လေး"လိုပါ၊ အမေရိကန်သမ္မတ ကလင်တန်က သူ့ဇနီးပေါ်ချစ်တဲ့ မေတ္တာလိုပါ။ မျက်ကန်းတစ်ယောက်လို ချစ်တဲ့အချစ်မျိုး၊ ဘုရားသခင်ဟာ ကျောက်တုံးမည်းပေါ်မှာ သွားနေတဲ့ ပုရွက်ဆိတ်မည်း တစ်ကောင်ကိုချစ်တဲ့အချစ်မျိုး၊ ဒီ စကားတွေဟာ ကျွန်ုပ်ရဲ့နှလုံးသားသည်းပွတ်ရဲ့ အမြိုက်ဝမ်း ရေနှင့်တူ ကိုယ်ပြောခဲ့တဲ့စကားတွေပါ ဂေါ်မာ၊

အစ်ကို့စကားတွေ ဟာ ဖူးရည်တစ်ဝက်အဆိပ်တစ်ဝက်ရောထားတဲ့ စကားတွေ ဘာကိုဆိုလိုတာလဲ နောက်ပိုင်းမှ ကိုယ် နားလည်လိုက်ပါတယ်။ ကိုယ်နားလည်တဲ့ အချိန်မှာ ဂေါ်မာဟာအခြားဂြိုဟ်သားတစ်ဦးရဲ့ ရင်ခွင်ထဲမှာ မေးစက်နေပြီ၊ အင်း မင်းအနေနှင့် မီးပင်လယ်ကိုဖြတ်ပြီး၊ ဆူးမွေ့ရာပေါ်မှာအိပ်နေရတဲ့ဘ၀ထဲ မေးစက်လို့ဘယ်ပျော်ပါ့မလဲ ဂေါ်မာ– မင်းကလည်း အထက်တန်းလွှာဆိုတော့ ရေနစ်နေတဲ့ကိုယ့်ရဲ့ ဘဝထဲမှာ မြက်ပင်လေးတစ်ပင် မဖြစ်စေချင်တဲ့ ဖြူစင်တဲ့ ဘုရားပေးမေတ္တာနှင့်ပဲ မင်းထွက်ခွာသွားတဲ့နောက်ပိုင်း မင်းရဲ့အရိပ်နှင့်အတူ ခွင့်လွှတ်ခြင်းများစွာပါးလိုက်ပါတယ် ဂေါ်မာ-- ဂေါ်မာ၊ မေတ္တာကိုသစ္စာနှင့်သက်သေပြမလား၊ သစ္စာကို အချိန်နှင့်အသက်သွင်း၍ ချစ်ပါ့မယ်ဆိုတဲ့စကားတစ်ခွန်းဟာ ပစ္စည်းဥစ္စာနှင့်လဲလှယ်ပြီး မပြောရပေမယ့် လူတိုင်းမဆိုတစ်ဦးတစ်ယောက်ဖြစ်တဲ့ အစ်ကို့ကိုယ်ဘဲ ဆိုခဲ့တယ်ဆိုတဲ့မင်းရဲ့စကားတွေကို တုံ့ပြန်တဲ့အနေနှင့် သက်သေပြလိုက်တာက ထွက်ပြေးခြင်း ပဲပေါ့ ဟုတ်လား ဂေါ်မာ။ပုခုံးနှစ်ဖက်ကိုကိုင်လှုပ်ရင်းက သားလေး၏ ပုခုံးနှစ်ဖက် ဖြစ်နေသည်။ အော်--ငါ အိမ်မက်တွေမက်နေပါလား၊ အဲဒီအခါမှာသားလေးက"ဘာလဲ•• ဦးဦး--ဘာတွေဖြစ်နေတာလဲ"---အော် ဘာမှမဟုတ်ပါဘူး သားရယ်၊ ဦးဦး အိမ်မက်တွေ မက်နေတာပါဟု ဖြေသိမ့်ရင်း ဟောရှေကျမ်း အခန်း(၁)မှ ဖော်ပြသောအချက်ကို ထောက်ထား၍ သားလေးအားအိမ်မက်လေးတစ်ခုကို ရှင်းပြနေမိသည်။ အခုအချိန်မှာ အဖေဟာ တကယ်ပဲ ဟောရှေ ဘစ်ယောက် ဖြစ်နေပြီ သားရယ်– သား– သားလဲ အဖေ့ကို ဦးလေး လို့ခေါ်နေတုန်းဘဲလား သားရယ်၊ အင်း ဘာပဲဖြစ်ဖြစ်ပေါ့လေ–အဓိပ္ပါယ်ရှိသောသက်ပြင်းတစ်ချက်ကိုမှုတ်ထုတ်ရင်း–ငါရခဲ့တဲ့ဘ၀တစ်ခုလုံးကို ရက်ရက်ရောရောပေးသော်မှ မင်းရဲ့အချစ်ကြမ်းခင်းဈေးကိုမမှီလေတော့ ပန်းဘ၀နွမ်းလျသလို စမ်းတို့သဘာ၀ အလွမ်းဖွဲ့ မျှော်ရပြီကော

သာသူကိုရွေးမှတော့ နာသူဟာဆွေးရုံပေါ့၊ စိတ်ကူးအိမ်မက်မှာရူး ပေတဉ့်ရှာ အလယ် သိမ်ငယ်နေသော အကျွန်ုပ်ဘဝသည် အကောင်းဆုံးကိုရွေးခွင့်မရှိပြီ။

အကျွန်ုပ်မွေးသောမီး အကျွန်ုပ်ခန္ဓာမှ နှလုံးသားထိအောင် လောင်ခဲ့ပြီမို့ မနိုးသောဆက်ပျော်ခြင်း အတွက် ဥပေက္ခာ မျက်ဝန်းအကြည့်တစ်ခုသည် အကျွန်ုပ်ဘ၀အတွက် ညင်သာစွာ အိပ်ပျော်စေခဲ့ပြီဟု တွေးထင်ရင်း– မနက် ရောင်နီဦး၏ အလင်းရောင်ကို မျှော်လင့်နေရင်း အမှုဆောင် တစ်ယောက်၏ဘဝကို စတင်ခဲ့လေပြီ။ စက်ပျော်ခြင်းနှင့်အတူ နိုးထလာမည့် သားလေးတစ်ယောက် "အဖေ"ဟု ခေါ်လာမည့် အချိန်ကို စောင့်မျှော်ရင်း ထိုည၏အနိဋ္ဌာရုံကို ဖြတ်သန်း ခဲ့ရသည်။

"ကျမ်းစာကျောင်းသားများနှင့်အဝေးရောက် အမှုတော် ဆောင်များကိုဂုဏ်ပြုလျက်"

ချင်းလေး (ပလက်ဝ)

## တေယျှက်

( ခ ဓ တ မြေ )

ဆုံဆည်းရာ

■ ဓနု
တောင့်တနေရ
ကြောင့်ကြနေ၏ ။

■ ဘဝ
လိုချင်သပ
ချယ်သရ၏ ။

■ အလှ
ပရမတ္တ
လက်ကိုင်ရ၏ ။

■ ဘဝနှင့်ဓနု
ယှဉ်လာပါက
သင်္ဂါရနှင့်လင်းတ ။


■ ဘဝနှင့်အလှ
တူယှဉ်ထားက
ဓါတ်အားမိုနှင့်မ
ဘာသာဘာဝ–ပနံရ၏ ။

■ ဘဝ၏ အလှတို့
မြစ်ဖျားခံရာသည်–မေတ္တာ
စီးဆင်းလာရာသည်–သစ္စာ
ဆုံဆည်းရာသည်ကား
ခရစ်တော်ဘုရား၌သာတည်း ။ ။

တေဂျက် (ကေတုမြေ)

# ရေပြာကိုပိုက်ထွန်

## ရဲကျော်ရင့်



ကိုပိုက်ထန်ဆိုသူသည် ရေပြာရွာမှဖြစ်သည်။ ရေပြာရွာဆိုသည်က ပြည်၊ ရန်ကုန်ကားလမ်းဘေးမှအိမ်ခြေ (၃၀)မျှသာရှိသော ရွာတန်းရှည်ကလေးပဲဖြစ်သည်။ ရေပြာရွာဟုမှည့်ခေါ်သည်ကား ထိုနေရာ၌ထွက်သော ရေသည် ပြာလဲ့နေသောကြောင့်ဖြစ်သည်။ ရေလည်းချိုသည်။

ကိုထန်ပိုက်သည် တောင်ပေါ်ချင်းတစ်ဦးဖြစ်ပြီး သူ့တွင် ဇနီးနှင့်သုံးနှစ်အရွယ် သမီးတစ်ယောက်ရှိ၏။ ကြိုရာကျဘမ်းအလုပ်ဖြင့် လုပ်ကိုင် စားသောက်ကြသည်။ အရင်ကဆိုလျှင်မူကိုပိုက်ထန်ဟူ၍မဟုတ်၊ ဆရာပိုက်ထန်၍ အခေါ်ခံရသောတပ်ကြပ်တစ်ဦးဖြစ်သည်။ စစ်တပ်အခေါ်တော့ဂမ်းရှော၊ အမှန်ကခါးတွင် ရန်သူ့ကျည်သင့်၍ စစ်မှုထမ်းရန် မသင့်တော့သော ကြောင့်ဆေးပင်စင်ယူကာ တပ်မှထွက်လာသော တပ်ထွက်တစ်ဦးဖြစ်သည်။

သူနှင့်ကျွန်တော်တွေ့ရပုံက ရေပြာသို့ကျွန်တော်တို့ သားအဖသုံးယောက်ပြောင်းလာပြီး နှစ်လအကြာတွင်ဖြစ်သည်။ အဖေသည် သဲကုန်းမြို့မှအရာရှိတစ်ဦးဖြစ်သည်။ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်ကို မွေးမြူရေးလည်းလုပ်ခိုင်းရင်း သူလည်း သဲကုန်းသို့သွားရန် နီးသဖြင့် ရေပြာသို့ ပြောင်းလာကြခြင်းဖြစ်သည်။

ကျွန်တော့ ဖခင်သည် တစ်ခါတစ်ရံ နှစ်ရက်သုံးရက်ကြာ နယ်ထွက်ကွင်းဆင်း တတ်သည်။ ရန်ကုန်သို့ဆင်းပြန်လျှင်လည်း လေးငါးရက် ကြာတတ်သည်။ ကြက်နှင့်ဝက်များကိုမွေးမြူထား၍ ကျွန်တော်တို့အစ်ကိုသည် မကြာမကြာ ပြည်သို့သွားကာဆေး၊ အစာ စသည်တို့ကိုဝယ်ရသည်။ ထိုအခါ ကျွန်တော်တစ်ယောက်သာ အိမ်တွင် ကျန်ခဲ့တတ်၏။ တစ်ခါတစ်ခါ အစ်ကိုသည် ညပင်ပြန်မလာသောနေ့ရှိသောကြောင့် ကျွန်တော့်တွင် အဖော်တစ်ဦးတော့ လိုပေသည်။ အရေးထဲ ကွမ်းယာဆိုင်က ကိုအေးသောင်းသည် ကျွန်တော်တို့ အိမ်နောက်ဖက်က သရက်ပင်ကြီးတွင် "အရှည်ကြီး" သရဲရှိသည်ဟု သတင်းပါးလေသည်။ မကြောက်သော်လည်း နည်းနည်းတော့လန့်ပါသည်။ အဘယ်ကြောင့်ဆိုပါလျှင် ကျွန်တော်သည် သရဲကိုတစ်ခါမျှ မမြင်ဘူးသေး၍ နဲနဲတော့လန့်ပါသည်။ လိုအပ်ပါက ကျမ်းစာအုပ်ကို ခေါင်းအုံးအောက်သို့ သွင်း၍အိပ်ပါသည်။ (ခေါင်းအုံးပျော့၍ မဟုတ်ပါ) ကျမ်းစာအုပ် ခေါင်းအုံးထား၍ ကျမ်းစာများ ခေါင်းထဲစိမ့်ဝင်သွားလိမ့်မည်ဟု အထင်ရှိသည့်အတွက်လည်း ဖြစ်ပါသည်။ သရဲကိုကားသိပ်ကြောက်၍ မဟုတ်ပါ။ ထိုကာလတွင်ရေပြာ၌ သူခိုးများ သောင်းကျန်းသောကြောင့်လည်း အဖော်တော့လိုအပ်နေပါ၏။



တစ်နေ့ မနက်ခင်း၌ ကြက်စာ၊ ဝက်စာများကိုကျွေးပြီး၍ အိမ်ရှေ့ချုံများကိုရှင်းနေခိုက်ဖြစ်သည်။ ထူထဲလှသည့် ချုံများကိုတစ်ယောက်ထဲ ရှင်းရာတွင် မနိုင်တော့သဖြင့်ပိုက်ထန်အား ခေါ်၍ အကူအညီယူရသည်။ ထိုမှပင် ချုံတို့သည် ကိုပိုက်ထန်၏ အတွေ့အကြုံ နှင့် ကျွမ်းကျင်မှုအောက်တွင် ပြောင်သလင်းခါအောင်ရှင်းလင်းသွားလေသည်။ ထိုသို့ ရှင်းလင်းအပြီးတွင် ကျွန်တော်က -

"ကိုပိုက်ထန် ကျွန်တော်တို့အိမ်ကို လေ..ဟို..ဒင်း အိမ်စောင့်....အဲအိမ်ကူ..အဲ- အိမ်ဖော်...အာဟိုဟာ....အဲ...အဲဒါ လာလုပ်ပေးနိုင်မလား"

"ဘာကို ပြောတာလည်း" -

"ဒီလိုဗျာ ...............ကိုပိုက်ထန် ကျွန်တော်တို့ အိမ်မှာလာနေပေး ဝိုင်းလုပ်ဝိုင်းစား သဘောပေါ့ဗျာ... ညဥ့်ရေးညဥ့်တာကအစပေါ့လေ.... လခတော့ကြည့်ပေးပါမယ်"

"အော်....ဒါလား.......ရပါတယ် ...ဘယ်တော့လည်း" "အင်း....အဲ....... အခုပဲဆိုပါတော့" -

သည်လိုနှင့်ပင်........ သူသည် ကျွန်တော်သို့အိမ်သို့ ခက်ခဲ ပင်ပန်းစွာ အင်တာဗျူး၍ ရောက်လာခဲ့ရသည်။

သူသည်ရိုးသားသော တိုင်းရင်းသားတစ်ဦး ဖြစ်ကြောင်းကို အတူတူနေရသောအခါပို၍သိလာရ၏။ သစ္စာရှိ၏။ ဖြောင့်မှန်၏။ သည်လောက်ဆိုလျှင်ပင် ကျွန်တော်တို့ အဖို့လုံလောက်နေပါပြီ။ တစ်ဖန် စကားလည်းနည်းသည်။ အလုပ်လုပ်ခြင်းကိုလည်း ဝါသနာပါသူဟုပြောရမလောက်အောင်ပင်ဖြစ်၏။ ပို၍ထူးခြားသည်မှာသူသည် ခရစ်ယာန်တစ်ဦးဖြစ်သည် ဆိုခြင်းပင်ဖြစ်၏။

သူ ကျွန်တော်တို့အိမ် ရောက်ကတည်းက အိမ်မှ ဝေယျာဝစ္စအလုံးစုံကို ထောင့်စေ့ အောင်လုပ်ကိုင်သည်။ လိုအပ်ပါက ကျွန်တော်တို့အဝတ်အစားများကိုပင် သူ့မိန်းမအား လျှော်ဖွပ်စေလေသည်။ ကျွန်တော်မအားသည့်အခါ၊ ကျွန်တော်အစ်ကိုလည်း အစာဝယ် သွားချိန်နှင့်ကြုံပါက ကြက်စာ၊ ဝက်စာစသည်တို့ကို ကျွေးတတ်သည်။ သူက ထိုမျှလောက် ကျွန်တော်တို့အပေါ် သိတတ်သည့်အခါ ကျွန်တော်တို့ဘက်မှလည်းပြန်၍ သိတတ်ရပေမည်။ သူ့အိမ် သက်ကယ်မိုးရန်အတွက်ဆိုလျှင် လက်မနှေးပဲ ငွေထုတ်ပေးသည်။ ဆေးခန်းသွားစရာ၊ သူ့အိမ်ဆန်ဖိုး စသည်ဖြင့်ပေါ့။ သူကတော့ ကျွန်တော်တို့ အိမ်မှာပင်စားတတ်သည်။ ဟင်းများကိုပိုပါက သူ့အိမ်အတွက်လည်း ထည့်ပေးလိုက်တတ်၏။ အိမ်နေရင်းဝတ်သော ကျွန်တော်တို့အဝတ်အစားတို့သည့်ပင်ကိုပိုက်ထန်၏ သွားသွားလာလာ အဝတ်အစားများ ဖြစ်လာသည်။

ကိုပိုက်ထန်သည် ကျွန်တော်တို့အိမ်တွင် ထိုသို့ နေထိုင်ခြင်းအတွက် မကျေနပ်သူတို့ ရှိ၏။ သူတို့ခိုင်းလို့ကောင်းသည့် တောင်ပေါ်သားကို ကျွန်တော်တို့က အပြီးဝယ်ယူထားသလိုဖြစ်သည့်အတွက် အချို့ မကျေနပ်သော်လည်း တစ်ချို့က ဝမ်းသာကြပါသည်။ မည်သို့ပင်ဖြစ်စေ ကိုပိုက်ထန်အား ကျွန်တော်တို့နှင့်အတော် ပင်ခင်တွယ်လျှက် ရှိလေသည်။ ကျွန်တော်သည်လည်း သူ့အား ခင်တွယ်နေမိပါသည်။

အလုပ်နားသည့်အခါ ကျွန်တော်တို့လက်ဖက်ရည်ဝိုင်းဖြင့် ထန်းလျှက်ကိုက်ရင်း စကားစမြီ ပြောတတ်သည်။ သူပြောသည့် စကားမှာ တပ်ကြပ်ဘဝမှအကြောင်းတွေသာဖြစ်သည်။ ရှေ့တန်းတိုက်ပွဲအတွေ့ အကြုံများ ပြောသည့်အခါ ကျွန်တော်သည်စိတ်ဝင်စားစွာ နားထောင်တတ်သည်။ သူ သည်ထိုမျှလောက်သာ ပြောတတ်ပြီး အပိုစကားဆိုတတ်သူမဟုတ်၊ ကျွန်တော်ကပင် ဘာသာရေးအကြောင်းများပြောသည့် အခါတော့ သူသည် တစ်ခွန်းစ နှစ်ခွန်းစဝင်၍ ပြန်ကာပြောရင်းဖြင့် သူသည်တတ်ကြွလာသည်။ ထိုသို့ တတ်ကြွလာပြီးနောက် မေ့မှိန်စွာနေပြန်သည်။ ကျွန်တော်ကတော့ သိသလောက်ကို အာပေါင်အာရင်းသံသံဖြင့် ဆက်၍ပြောသည်။ ခရစ်ယာန်တစ်ဦးအနေဖြင့် မိမိဘာသာ၏ အခြေခံယုံကြည်ချက်နှင့် သမ္မာကျမ်းစာတို့ကို အတန်ငယ်တီးခေါက်မိပြီ ဖြစ်၍ မိမိကိုယ်ကိုစိတ်ချယုံကြည်စွာ အတန်းပညာမရှိခဲ့ရှာသော သူတစ်ယောက်ကို ဩဝါဒများ မြွက်ချွေနေလေသည်။

ကိုပိုက်ထန်သည် သူ အပြောအရ ဘုရားကျောင်း မတက်ရသည်မှာ ရေပြာကို စရောက်ကတည်းကဟုဆိုသည်။ ကိုပိုက်ထန် ရေပြာကိုရောက်သည်မှာ ကျွန်တော်တို့နှင့် မတွေ့မီ (၂)နှစ်ကျော်ကျော်ကပင်ဖြစ်၏။ အရင်ကလည်း စစ်မှုထမ်းရသဖြင့် ရှေ့တန်းမှ ပြန်လာသောအခါ၌သာ ကြုံသလိုတက်ဖြစ်သည်ဟူ၏။ ရှေ့တန်းတစ်ခါထွက်ရသော် (၆) လကြာတတ်၏။ ပြန်လာ၍ (၃)လနားရသည်။ တစ်ဖန် ထွက်ရပြန်သည်။ ထိုနားရသော သုံးလအတွင်းကားခဘာညာဈေးကြီး၍ တစ်လတစ်ခါတော့ ဘုရားကျောင်းသို့သွားသည်။ နီးနားဝန်းကျင်၌ ဘုရားကျောင်းမရှိသဖြင့် ပြည်သို့သွားတက်ရသည်။ ဘုရားကျောင်းသို့ ရောက်ပါသည်။ တစ်ခါတစ်ခါ "အာမင်" ပင်မမီတတ်။

သည်လိုနှင့်ပင်...သူသည်ကျွန်တော်တို့ အိမ်သို့ ခက်ခဲပင်ပန်းစွာ အင်တာဗျူး၍ ရောက်လာခဲ့ရသည်...

ရောင်းရလေသည်။ ဝမ်းအနည်းဆုံးကား ဝက်မကြီးကိုရောင်းရခြင်းပင်ဖြစ်သည်။ (ကန်တော့ပါရဲ့ခင်ဗျာ) ဝက်မကြီးတွင်ဓိုးတင်ထား၍ ကိုယ်ဝန်အရင်အမာနှင့်ရှိနေပြီဖြစ်သည်။ ကိုပိုက်ထန်လည်းစိတ်မကောင်း၊ မျက်နှာအိုအိုဖြင့်ပြောရှာသည်။


"မင်းတို့နဲ့ဒီလောက် နေလာခဲ့ပြီးမှ တစ်ခြားလူတွေနဲ့ဘယ်လိုပြန်ပေါင်းရမယ်ကိုမတွေးတတ်အောင်ပါပဲကွာ" –

ကျွန်တော်လည်းစိတ်ထိခိုက်ရသည်။ စကားပင်ပြန်မပြောနိုင်ပဲဖြစ်ရသည်။ ပြောင်းရန်ရွေ့ရန် မြန်မြန်ဆန်ဆန်ပင်ပြုကြ၏။ ဝက်မကြီးကိုငွေချေပြီး၍ လာဆွဲကြသောအခါ ကျွန်တော်သည် တစ်ခြားသို့ရှောင်နေလိုက်သည်။ ဝက်မကြီးကားရုန်းကန်၍ပါသွားရလေသည်။ ကျွန်တော်စိတ်ကူးထဲတွင်ဝက်မကြီး၏သားပေါက်ကလေးများသည် ဆပ်ပြာပူပေါင်းများလိုခဏသာလေထဲ၌ ပေါက်ကွဲပျောက်ကွယ်သွားချေပြီ။

ပစ္စည်းပစ္စယများ ကားပေါ်တင်ကြရာကိုပိုက်ထန်သည် အရင်ကဆိုလျှင်မူ အလုပ်လုပ်ရာတွင်သွက်လက်မြန်ဆန်သလောက် ယခုမူ လေးကန်လျက်ရှိသည်။ သူ့ဇနီးနှင့်ကလေးကပါ လာရောက် သိမ်းဆည်းပေးကြသည်။ ကျွန်တော်တို့ သိပ်အသုံးမလိုသည့် ပစ္စည်းများကို သူတို့အားပေးခဲ့သည်။ ကျွန်တော့်အစ်ကိုကလည်း ကိုပိုက်ထန်ကို ငွေအချို့အိတ်ထဲသို့ထည့်ပေးသည်ကို မြင်လိုက်သည်။ ပထမ ငြင်းဆန်နေသေးသည်။ နောက်မှ အတင်းပြော၍ပေးမှယူလေသည်။ ကျွန်တော်တို့အားလုံးကားပေါ်တက်ကြ ၍ ကားစက်ကို ဒရိုင်ဘာကနှိုးလိုက်သည်။ ကိုပိုက်ထန်စိတ်ထဲ၌ကားစက်နိုးစေချင်ပုံမရ။ သို့သော်ချက်ချင်းပင် ကားစက်နိုး၍ ထွက်လာခဲ့သည်။ ကိုပိုက်ထန်တို့ မိသားစုနှင့်အတူ ရွာထဲမှလူများလည်းလှမ်း၍လက်ပြနှုတ်ဆက်ကြသည်။ သို့သော်လည်း ရွာထဲမှလူများ၏စိတ်သဏ္ဌာန်နှင့် ကိုပိုက်ထန်၏စိတ်အစဉ်သည် ကားခြားနားကွာဟနေမည်မှာအမှန်ပင်ဖြစ်သည်။ တစ်နှစ်ကျော်ကျော်နေခဲ့ရသော ရေပြာမှအမှန်ပင်ထွက်ခွာခဲ့ရလေပြီ။

ယခုမူ ရေပြာမှပြန်ပြောင်းလာခဲ့သည်မှာ (၁၀)နှစ်ပင်ကျော်လာခဲ့လေသည်။ ကိုပိုက်ထန်နှင့်ကားလုံးလုံးပြန်မတွေ့ရတော့ပေ။ တစ်ခါတစ်ရံ သတိရနေမိပါသည်။ ဆုလည်း တောင်းမိပါသည်။ ကိုပိုက်ထန်တို့မိသားစုဘုရားသခင်၏ အရိပ်အာဝါသတွင်ရှိနေလျက်အဆင်ပြေ ချမ်းသာရပါစေဟူ၍။

(ရဲဇော်ထူး)






# လွမ်းလို့... မငိုနဲ့တော့လေ

(ကေတုမြေ)



အချစ်ရေးကို စိတ်ကူးယဉ်လို့ ရချင်ရမယ်
ဘဝကို စိတ်ကူးယဉ်လို့ မရဘူး

ပြင်းထန်သော တိုက်ပွဲတစ်ပွဲကို ရင်ဆိုင် တိုက်ခိုက်နေသည့်အလား စိတ်နှလုံးတို့သည် နွမ်းလျှလျက် လေးလံထိုင်းမှိုင်းနေ သည်၊ ရုံးမှာ တစ်နေကုန် ထိုင်ရပြန်တာမို့ သွေးများလည်း ပျင်းရိစွာဖြင့် လည်ပတ်နေသည်၊ ရုံးမှပြန်အလာ အိမ်ပေါ်သို့ ပြန်တက်ရန်အတွက် အားအင်မရှိ စိတ်ချည့်နဲ့မှုကြောင့်ဆန္ဒမပါ။

လေကားထစ် တစ်ထစ် နှစ်ထစ်တက်ပြီးသည်နှင့် ထိုင်ချလိုက်မိသည်။ လက်ထဲမှ ဆေးလိပ်တိုကလေးကို နောက်ဆုံးအနေဖြင့်မီး ရဲကနဲဖြစ်အောင် ဖွာရှိုက်လိုက်သည်။ ခန္ဓာကိုယ်ထဲမှ လေးလံသော လေပူများကို ထို အခိုးအငွေ့များနဲ့အတူ မှုတ်ထုတ်လိုက်ပါသည်။ ထပ်ဖွာစရာ ဆေးမရှိတော့ နမျောတွန့်တိုစွာနဲ့ ဆေးလိပ်တိုကို လွှင့်ပစ်လိုက်သည်၊ ဒီတစ်ခါဝမ်းထဲတွင်ဟာနေကြောင်း ခံစားရမိပြန်သည်၊ "အို့ ငါချက်ပြုတ်စားသောက်ရဦးမှာပါလား၊ ဒါပေမယ့် မီးဖိုခန်းထဲမှာ ဘာမှမရှိ၊ ကြက်သွန်ဆီတို့က ဈေးမှာလေ"

ဆိုင်မှာ ဆယ့်ငါးကျပ်တန် ထမင်းတစ်ပွဲ သွားစားရင်ကောင်းမလား၊ အိပ်ကပ်ထဲငုံကြည့်လိုက်တော့ ဟောင်းနွမ်းနေတဲ့ ၅ကျပ်တန်တစ်ရွက်နဲ့ ကျပ်တန်နှစ်ရွက်က ကျွန်တော့်ကို လှောင်ပြနေတယ်။ ရင်ထဲ ဆို့နင့်သွားမိသည်။ သက်ပြင်းချရင်း မျက်စိကို စုံမှိတ်ထားလိုက်ကာ လေကားအောင်ကို ကျောမှီလိုက်သည်၊ မျက်ရည်စကလေးများ အပြင်သို့ လျှံမထွက်ပေမဲ့ နှလုံးသားထဲကို စီးဝင်ကုန်ပြီ ထင်ပါရဲ့၊ နှလုံးသားလေးသည် မျက်ရည်ပင်လယ်ဝယ် ပေါလောပေါ်နေသလို ခံစားမိသည်၊ စိတ်အစဉ်သည် ဟိုးအဝေးတစ်နေရာသို့ အထူးဆိုရလျှင် အတိတ်စားကျက်တွင် ပြန်လည်ကျက်စားနေလျက် မျက်ဝန်းအိမ်လေးသည် စိုစပြုနေပေပြီ အို.... ငါ... ငါ....ငိုနေပါလား....

သူမ, ကျွန်တော့်ဘဝသမိုင်းတွင် သူမ မပါလျှင်မပြည့်စုံ၊ သူမသည် ကျွန်တော့်ဘဝအတွက် လမ်းစဉ်ချမှတ်ပေးခဲ့သူပေတည်း။ ကျွန်တော်သည် သူမနှင့်နှစ်အတန်ကြာမျှ ရင်ခုန်ခဲ့ဖူးပါသည်၊ သာယာခဲ့ဘူးပါသည်၊ သူမနှင့် တွေ့စက သူမကို စိတ်မဝင်စားအထင်လည်း မကြီးသလို ဘဝင်လည်းမကျမိ။ ကျွန်တော့်ကို ချုပ်ချယ်လွန်းသူ ဟူ၍သာ ခံစားခဲ့မိပါသည်၊ အခြေအနေအရ သူမနှင့် ပုံမှန်ဆက်ဆံခဲ့ပါသည်၊ အိုးချင်းထားတော့ အိုးချင်းထိ ကြိုးချင်းထားတော့ ကြိုးချင်းညှိ ဆိုသလို တဖြည်းဖြည်း သူမနှင့် နှလုံးသားချင်း ပိုမိုရင်းနှီးမှု ရလာပါသည်၊ သူမအပေါ် သံယောဇဉ် နှောင်ဖွဲ့လာမိသည်။ သူမအပေါ်မှာ နှဲ့ဆိုးလေး ဆိုးတတ်ပြီပကော။ သို့သော် သူမသည် စိတ်ရှည်လျက် ပင်၊ သူမသည် ကျွန်တော့်အား ရင့်ကျက် တိုးတက်သည့် အတွေးအခေါ် အတွေ့အကြုံများစွာကို သွန်သင်ပေးခဲ့သည်၊ ဒုက္ခအခက်အခဲ များမြောင်လှသည့် လူတို့ဘောင်ကြားမှာပင် ကျွန်တော့်အတွက် စေတနာပိုခဲ့ပါသည်၊ စားရေး၊ သောက်ရေး၊ လုံခြုံရေး ဘာမှ ပူပင်နေစရာမလို၊ ညှိမျှမက သူမ၏ ရင်ခွင်သည် ကျွန်တော်အတွက် လုံခြုံမှုကို ပေးနေပါသည်၊ သူမ၏နွေးထွေးလုံခြုံသော မေတ္တာငွေ့ ၌ ဒုက္ခ၏ အရသာကို ကျွန်တော် မမြည်းစမ်းခဲ့ရပေ။ ရင်ဆိုင်နိုင်ဖို့လည်း သူမက များစွာ လေ့ကျင့် အားပေးခဲ့သည် လောကကြီးကို ငါရင်ဆိုင်နိုင်တယ်ဟူ၍ပင် စိတ်ကြီး ဝင်နေမိခဲ့၏။ "အချိန်တန်အိမ်ပြန်" ဆိုတဲ့ စကားလေးတစ်ခွန်း ရှိနေပြန်လေတော့လည်း အခက်သားလား၊ သူမနှင့် မဟုတ်ပါလား၊ ဒါပေမယ့်

လက်တွဲရာမှ လမ်းခွဲချိန်ရောက်ခဲ့ပြီလေ။ ဒီတော့ ကျွန်တော့်ရင်ထဲမှာ ဆို့နင့်တဲ့အလွမ်း တွေနဲ့ဝေ ခဲ့ရပြီပေါ့။ "ခလုတ်ထိမှ အမိတဆိုသလို" ယခုတွင်မူ သူမစေတနာ၏ တန်ဖိုးကို ပိုမိုနားလည်လာခဲ့ရလေပြီ၊ အထီးကျန်ဆန်နေတဲ့ ဘဝမှာ ရှန်းကန်ရင်း နွေးထွေးလုံခြုံတဲ့ သူမရဲ့ရင်ခွင်ကို ပြန်လည်တမ်းတ နေမိတယ်။ ဒုက္ခတွေနဲ့ ကြုံလေတိုင်း သုခတွေနဲ့ ရစ်သိုင်းပေးခဲ့တဲ့ သူမရဲ့မေတ္တာကို ဆာလောင်မွတ်သိပ်နေမိတယ်။

အခုဘဲကြည့်လေ ကာရန်မပါ ကဗျာဆန်စွာနဲ့ နံ့ချာတဲ့ဘဝမှာ သူ့ကို တမ်းတလွမ်းနေရပြန်ပါပကော၊ ပူပြင်းတဲ့နွေသောင်ကမ်းမှာ လျှောက်လှမ်းရင်း အေးမြတဲ့အရိပ်နဲ့ ချော့သိပ်ခဲ့တဲ့ သူမရဲ့အနမ်းကို မလွမ်းဘယ်သူရှိပါ့မလဲ၊ တကယ်ပါ သောကတွေနဲ့ လောကကြီး အလယ်မှာ နွမ်းလျလျှက် လွမ်းရ ရက်ကလေးတွေလည်း ရှည်ကြာခဲ့ရပြီလေ့တကား၊ မဖြစ်နိုင်တော့မှန်း သိနေပါရက်နဲ့ လာပြီး ထွေးသိပ်လှည့်ပါဦးလို့ ဆိုလိုက်ချင်မိတယ်၊ အခုတော့ ဖိစီးမှုရဲ့ဒဏ်ကို မခံမရပ်နိုင်ရကား နွမ်းမျက်ရည်စွေခဲ့ရပြီလေ....

ငြိမ့်ညောင်းစွာနဲ့ သူမရဲ့မေတ္တာသံစဉ်တွေကြားဝယ် ယစ်မူးနစ်မျောနေရာမှ ဝမ်းဗိုက်ထဲတွင် အလိုက်ကန်းဆိုး မသိသောကြွက်များ သောင်းကျန်းလာမှုကြောင့် လက်ရှိမိမိဘဝ၏ အခြေအနေကို ပြန်လည် မြင်လာမိသည်။

"အချစ်ရေးက စိတ်ကူးယဉ်လို့ ရချင်ရမယ် ဘဝကို စိတ်ကူးယဉ်လို့ မရဘူး" ဆိုတဲ့ အသိတရားလေး ဝင်လာတယ်။ မှန်လေစွ၊ ဆက်လက် စိတ်ကူးယဉ်နေပါလျှင် ရောဂါရသွားနိုင်သည် မဟုတ်ပါလား၊ လေးလံသော သက်မကြီးကို ချလိုက်မိသည်၊ သူမနှင့်အတူနေစဉ်က အမြဲရွတ်ဆို နှလုံးသွင်းနေကျဖြစ်တဲ့ ဆာလံဆရာရဲ့ညဉ်းတွားမှု မိမိကိုယ်ကို ပြန်လည်အားပေးမှုလေး တစ်ပုဒ်ကို ကြားယောင်နေမိသည်။

"အို ငါ့စိတ်ဝိညာဉ်အဘယ့်ကြောင့် ညှိုးငယ်ရသနည်း၊ အတွင်းတော်၌ အဘယ့်ကြောင့် မငြိမ်မဝပ် ရှိရသနည်း၊ ဘုရားသခင်ကို မျှော်လင့်လော့ "

ဟုတ်ပေသားပဲ, သူမသည် ဘုရားသခင်ကို မျှော်လင့်ဖို့၊ ချစ်ဖို့၊ ကိုးစားဖို့ အမြဲ တွန်းအားပေးနေသည်ပဲ။ ဘုရားသခင် ခင်းပေးထားတဲ့ကားတိုင်လမ်းအတိုင်း လျှောက်လှမ်းမှသာ အသက်သရဖူကို ရမယ်တဲ့လေ၊ ပြီးတော့ ကားတိုင်ကို လွမ်းနေရုံနဲ့ မပြီး၊ ထမ်းရမယ်တဲ့လေ။ အဲ..သတိမူရမှာက ကားတိုင်လမ်းဟာ ကြမ်းတမ်းမယ်၊ ခက်ခဲမယ်တဲ့, ဒါဆို...ဒါဆို....

ဆုံးဖြတ်ချက်တစ်ခုနဲ့ အတူ စိတ်ကိုတင်း၊ မာန်ကိုသွင်းကာ မတ်တပ်ရပ်လိုက်သည်၊ မှုန်ရီဝေဝါးတဲ့ အမြင်မျိုးနဲ့ မိမိရဲ့ဘဝရှေ့ခရီးလမ်းကို အာရုံမပြုသင့်တော့ပြီမို့ မျက်လုံးလေးများကို ပွတ်သပ်လိုက်မိသည်။ ဆာလံဆရာ ကဲ့သို့ပင် မိမိ၏ စိတ်ဝိညာဉ် နှလုံးသားများကို ပြန်လည်အားပေး နှိုးဆော် လိုက်မိသည်။

"အို ၊၊ ငါ့စိတ်ဝိညာဉ် အဘယ့်ကြောင့်ညှိုးငယ်နေပါသနည်း၊ အတွင်းတော်၌အဘယ့်ကြောင့် မငြိမ်မဝပ်ဖြစ်ရပါသနည်း။ ဘုရားသခင်ကိုမျှော်လင့်လော့ အို့ ငါ့နှလုံးသား အဘယ့်ကြောင့် ငိုကြွေးမြည်တမ်း နေရပါသနည်း၊ လွမ်းလို့မငိုနဲ့တော့လေ၊ နိုးထလျှက် သင်၏ ဘုရားသခင်ကိုချီးမွမ်းလော့။"

ဘုရားသခင်က ပေးသောခွန်အားဖြင့် သွက်လက်သောခြေလှမ်း နိုးကြားတဲ့နှလုံးသား ကြည်လည်တဲ့အမြင်သစ် အတွေးသစ်ဖြင့်ဘုရားသခင်အား ဆက်လက် အစေခံသွားရဦးမည်မဟုတ်ပါလား....


ကိုယ်တော်ရှင့်စေရာလမ်းမှာဖြင့် –
ကိုယ်စီရယ် – ကားတိုင်ထမ်းပါလို့
လွယ်ကူမယ် – မထင်လိုက်လေနဲ့ –
ကြမ်းတမ်းတဲ့ ကရာနီ
အားငယ် – ပြီလား – – ဟဲ့
ကူတယ်လေ – –ဒီသခင်မှာဖြင့်
မေတ္တာဝေ – ကယ်တင်ပေးခဲ့မို့
နွမ်းစိတ်ကိုတဲ့ဆိုလိုက်ချင်
လွမ်းငို့ – မငိုနဲ့တော့လေ ––

"အို ငါ့စိတ်ဝိညာဉ် အဘယ့်ကြောင့် ညှိုးငယ်ရသနည်း၊
အတွင်းတော်၌ အဘယ့်ကြောင့် မငြိမ်မဝပ် ရှိရသနည်း။
ဘုရားသခင်ကို မျှော်လင့်လော့ "

(မိခင်ကျောင်းတော်ကြီးနှင့် အမှတ်တရ – ရင်ခုန်ခဲ့ဘူးတဲ့အဖြစ်ကို ရည်ရွယ်လျက်)

စောချက် (ကေတုမြေ)






မိုးရွာနေသဖြင့် ပြူတင်းပေါက် မှန်သားပြင်မှ တစ်ဆင့် ကြည့်ရသော အပြင်ဘက်မြင်ကွင်းသည် မှုန်ဝါးလွန်းလှချေသည်။
သဲမဲစွာရွာနေသော မိုးရေတို့ကြောင့် အရာရာသည် မသဲကွဲ။
ပုလင်းထဲမှအရက်ကို ငှဲ့ထားပြီး မသောက်သေးဘဲ ဖန်ခွက်ကိုကြည့်ကာငေးမှိုင် စဉ်းစားနေမိပြန်သည်။
ဦးနေဒွန်းသည် အရက်ခွက်ကို တွေဝေစွာ အဓိပ္ပါယ်မဲ့စွာ စိုက်ကြည့်နေခြင်းဖြင့် ညနေခင်းတစ်ခုကို အစပြုသည်။

လွန်ခဲ့သော (၆)နှစ်ခန့်က (ကျွန်တော် ဦးနေဒွန်းတို့အိမ်နား ပြောင်းလာကာစ) ဆိုလျှင် ဦးနေဒွန်းနှင့်ဇနီးအန်တီဝေ တို့သည် ညနေစာ မသုံးဆောင်မီ စားပွဲမှာ ထိုင်ပြီး ယမကာအနည်းငယ် မှိဝဲလေ့ ရှိကြသည်။

ထိုစဉ်က ဦးနေဒွန်းနှင့်အန်တီဝေတို့သည် ပြုံးရွှင်သော မျက်နှာများဖြင့်ကြည်နူးမှုများ ဖြစ်ပေါ်နေတတ်သည်။ တစ်ယောက်ကိုတစ်ယောက်အလွန် တွယ်တာမြတ်နိုးကြသည်။

အိမ်ထောင်ကျတာ နောက်ကျသဖြင့် သူတို့တွင် သားသမီးတစ်ယောက်မှ မထွန်းကား။

သူတို့ဇနီးမောင်နှံသည် အလွန်ဖော်ရွေပြီး ကျွန်တော့်ကိုလည်းခင်သည်၊ သူတို့အိမ် သွားလည်တိုင်း တစ်ခုခုဖြင့်ညှို့ခံ ရမှကျေနပ်သည်။

အန်တီဝေကတော့ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းကိုသွားသည်၊ ဘုရားကျောင်းမှပြန်လာလျှင် ဓမ္မသံစဉ်များကို နှုတ်က ညည်းနေတတ်သည်။

ခရစ်စမတ်နီးလာလျှင်လည်း သူတို့အိမ်တွင် ခရစ်စမတ်သစ်ပင်နှင့်မီးလုံးများ ပြင်ဆင်ထားသည်။ ခရစ်စမတ် သီချင်းများကိုလည်း ဖွင့်ထားတတ်သည်။ အိမ်နီးနားချင်းများကိုခေါ်ဖိတ်ပြီး ခရစ်စမတ်ပွဲကို ဆင်ယင်ကျင်းပလေ့ရှိသည်။ ဘုရားကျောင်းလူငယ်အဖွဲ့ မှလည်း ဂစ်တာများဖြင့် ခရစ်စမတ်သီချင်းများလာဆိုကြသည်။ထိုအခါမျိုးတွင် အလွန်ပျော်ဖို့ကောင်းသည်ပင်။

“တိတ်ဆိတ်ည ......သန့်ရှင်းည...”ဓမ္မသီချင်းကို ကျွန်တော့်နားထဲ စွဲနေခဲ့သည်။

## တစ်ယောက်ကိုတစ်ယောက်..အလွန်တွယ်တာမြတ်နိုးကြသည်...

တစ်ညနေ ...

ဦးနေဒွန်းတို့အိမ်ဘက်တွင်တိတ်ဆိတ်နေသည်။

ကျွန်တော်က မရောက်တာကြာပြီဖြစ်၍ သွားလည်ဖြစ်တော့ သူတို့အိမ်တွင်မည်သူကိုမျှ မတွေ့ရ။ နောက်ဖေးမီးဖိုချောင် တွင် အိမ်ဖော်မကြီးဒေါ်မူကို တွေ့သည်။

“ဦးတို့မရှိကြဘူးလား” လို့မေးတော့...

ဒေါ်မူကစိတ်မကောင်းစွာနှင့် . . .

“မနေ့ညနေက အန်တီဝေ အစာမှားတာလား လေဖြတ်တာလားမသိဘူး အခုဆေးရုံတင်ထားရတယ်” ဟုဆိုသဖြင့် ကျွန်တော် စိုးရိမ်သွားသည်။

ဒါနဲ့ကျွန်တော်ဆေးရုံကို လိုက်သွားဖြစ်တော့ အရေးပေါ်အခန်းမှာ တင်ထားရသည်ဟုသိရသည်၊ အရေးပေါ်အခန်းရောက်တော့ ဦးနေဒွန်းနှင့် သူ့ဆွေမျိုး တစ်ယောက်၊နှစ်ယောက်ကို အခန်းအပြင်ဘက်တွင်စောင့်နေသည်ကို တွေ့သည်။ ဦးနေဒွန်းက ကျွန်တော်ကိုမြင်တော့ အားတက်သွားပုံရသည်။

“မနေ့ ညနေက ဦးနဲ့မင်းအန်တီတို့ ထမင်းစားပွဲမှာ ထိုင်နေတုန်းကတော့အကောင်း၊ ညအိပ်ရာဝင်တော့ ခေါင်းမူးပြီး လဲကျသွားတယ်။ ဒါနဲ့ဦးတို့လည်း ဘာမှမလုပ်တတ်တာနဲ့ ဆေးရုံကိုတင်လိုက်ကြရတယ်”

ဦးနေဒွန်းက ကျွန်တော်ကို ရှင်းပြနေသည်။ အန်တီအခုထိ သတိမရသေးကြောင်း၊ အောက်စီဂျင်ပေးထားရကြောင်း ဆက်ရှင်းပြသည်။ ဆေးရုံက သူငယ်ချင်းတစ်ယောက် ရှိလိုရှိငြားကျွန်တော်ရှာကြည့်သည်။ အဆင်သင့်ဘဲ သူငယ်ချင်း ဆရာဝန် ကိုတင်လှနဲ့ဆုံသည်။ကိုတင်လှကို အန်တီဝေ့အကြောင်းမေးကြည့်တော့...

“သူကအစာမှားတာကွ ပြီးတော့အရက်လည်း နည်းနည်းသောက်ထားတယ်မဟုတ်လား ဒါကြောင့် “ဖုဒ် ပွိုင်စင်”ဖြစ်သွားတာ အခြေအနေကသိပ်စိတ်မချရဘူး အဘိုးကြီးကိုတော့မင်းသွား မပြောနဲ့ဦး၊ စိတ်မကောင်းဖြစ်သွားဦးမယ်၊ သူ့အသက်အရွယ်နဲ့ တစ်ညလုံး မအိပ်ပဲထိုင်စောင့်နေတာ ကြာရင် သူပါ လဲသွားလိမ့်မယ် မင်းကြည့်ပြောဦး” ဟုဆိုသဖြင့် ဦးနေဒွန်းကို ချော့မော့ပြီး အားရှိသည့် အစားအသောက်တွေ ကျွေး၊ အိမ်ပြန်၍ အေးအေးဆေးဆေး အနားယူခိုင်းရသည်။

## ဦးနေဒွန်း တို့အိမ်ဘက်တွင် တိတ်ဆိတ်နေသည်...



နောက်တစ်နေ့ နေ့ခင်းပိုင်း မိုးရွာနေသော အချိန်တွင် အန်တီဝေဆုံးသွားကြောင်း ဆေးရုံမှ တယ်လီဖုန်းလာသည်။ ထိုအချိန်တွင်ဦးနေဒွန်း အိပ်ခန်းထဲတွင်အိပ်ပျော်နေချိန်ဖြစ်သည်။ ဒေါ်မူက ကျွန်တော်ကို လာပြေးပြောသည်။ ကျွန်တော်ကဦးကို မနိုးနဲ့ဦး၊သူနိုးလာရင် နို့တစ်ခွက်တိုက်ထားလိုက်ပါ” ဟုမှာထားလိုက်သည်။ ပြီးမှ ဦးနေဒွန်းကို အကျိုးအကြောင်း ရှင်းပြမည်ဟု စဉ်းစားထားသည် ကျွန်တော်အဝတ်အစားလဲပြင်ဆင်ပြီး ဦးနေဒွန်းတို့အိမ်ဘက်လိုက်သွားသည်။ ဆေးရုံကိုတယ်လီဖုန်းဖြင့် လိုအပ်သည်များအတွက် ဆောင်ရွက်ပေးထားရန် ကို တင်လှထံအကူအညီ လှမ်းတောင်းထားလိုက်သည်။

ဦးနေဒွန်းကို အန်တီဝေဆုံးသည့် သတင်းပြောပြရန်အတွက် ကျွန်တော်မောနေသည်။ မည်သို့ပြောရမည်မသိ ၊ ထိုအချိန်တွင်ဦးနေဒွန်းအိမ်ပေါ်မှဆင်းလာသည်။ အိပ်ယာမှ နိုးလာတာဖြစ်မည်။ ပြီး “ငါတို့ဆေးရုံကိုသွားကြရအောင်” ဟုပြောသည်၊ ကျွန်တော်က ကပျာကယာနှင့် “ဟာ ဦးအစောကြီးရှိသေးတယ် နို့သောက်လိုက်ပါဦး ဦးအားရှိသွားအောင်ပေါ့ ပြီးမှ ကျွန်တော်တို့သွားကြမယ်”

“ငါမသောက်ချင်ပါဘူးကွာ ဝေ့ကိုမေတ္တာပို့ဆုတောင်းပေးရဦးမယ် ခုချိန်ဆိုဝေ ဘုရားသခင်ရဲ့ရင်ခွင်မှာအနားယူနေပြီပေါ့” အသံသည်ဆွေးမြမြ၊...

ကျွန်တော်အံ့သြသွားသည်။ သူဘယ်လိုလုပ်သိနေပါလိမ့်၊ သူ့ကို သည်သတင်းဘယ်သူပေးတာပါလိမ့်ဟု ကျွန်တော်စဉ်းစား နေသည်။ ဒေါ်မူကကျွန်တော်ကိုလှမ်းကြည့်ပြီးဦးနေဒွန်း မမြင်အောင် လက်ဟန်ခြေဟန်ဖြင့်လုပ်ပြသည်။ “သူ့အခန်းထဲတွင် တယ်လီဖုန်း တစ်လုံးရှိနေကြောင်း”အသိဝင်လာသည်။ သည်တော့ ကျွန်တော်ကအချိန်ဆွဲမနေတော့ဘဲ “ကဲဦး ကျွန်တော်တို့ သွားကြရအောင်”ဟုဆိုပြီး ဦးနေဒွန်းကားနှင့် ဆေးရုံကို ထွက်လာခဲ့ကြသည်။

ကားပေါ်တွင် တစ်လမ်းလုံး ဦးနေဒွန်း စကားမပြောချေ၊ ငြိမ်သက်စွာလိုက်ပါလာခဲ့သည်။ သူဘာတွေ စဉ်းစားနေသည်လဲ၊ မပြောတတ်ပါ၊ အန်တီဝေအတွက် ပူဆွေးသောကရောက်နေပြီလား၊ သူ့အမူအရာသည် တည်ငြိမ်လှသည်။ အသက်အရွယ် ရလာ၍ ပူဆွေးမှုကို နှစ်သိမ့် နိုင်ပြီဟု ကျွန်တော်ထင်သည်။ သို့သော် မျက်လုံးအိမ်ကိုတော့ သူဟန်ဆောင်နေ၍ မရပါ။ တရိပ်ရိပ်ပြေးနေသော မော်တော်ကားပေါ်မှ လမ်းဘေးဝဲယာမြင်ကွင်းတို့သည် သူ့မျက်လုံးအိမ် အမြင်အာရုံထဲ၌ ဝေဝါး ဓေးထန်းနေလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။

## သူ့အမူအယာသည် တည်ငြိမ်လှသည်... သို့သော် မျက်လုံးကိုတော့ ...သူ ဟန်ဆောင်နေ၍မရပါ...

ဆေးရုံကိုရောက်တော့ အန်တီဝေ အလောင်းကိုပြင်ပြီးကြပြီ။ မော်ကျူရီပို့ဖို့ ဆောင်ရွက်ရပြန်သည်။ ကိုတင်လှ ကူညီလို့တော်သေးသည်။ ဦးနေဒွန်းရဲ့ ဆွေမျိုးတစ်ချို့လည်း သတင်းကြား၍ လိုက်လာကြသည်။ နှစ်သိမ့်ကြသည်။ ဦးနေဒွန်းက တည်ငြိမ်အေးဆေးစွာ လုပ်စရာရှိတာကို လုပ်နေသည်။ အန်တီဝေ၏အိပ်ရာခင်းများ၊ အဝတ်အစားများကို သူ့နေရာနှင့်သူ သေသေသပ်သပ်ခေါက်ထည့် သိမ်းဆည်းလိုက်ကြသည်။ ပြီး မော်ကျူရီကို လိုက်သွားသည်။ အန်တီဝေရဲ့ ဈာပန ကိစ္စအဝဝကို ကျွန်တော်အတတ်နိုင်ဆုံးကူညီခဲ့သည်။ ဂူသွင်းသင်္ဂြိုလ်ရေးကိစ္စ၊ကြော်ငြာကိစ္စ၊ ယပ်တောင်ကိစ္စ၊ ဘုရားကျောင်းမှဘုန်းတော်ကြီးများနှင့် ညှိနှိုင်း၍ သတိရဝတ်ပြုခြင်း အစီအစဉ်စသည့် ကိစ္စများကြောင့် ကျွန်တော် လုံးလည်ချာလည်လိုက်နေသည်။ ဦးနေဒွန်းက ကျွန်တော်ကိုပင်ပန်းသဖြင့် နားခိုင်းသေးသည်။ ကျွန်တော်ကအသုဘ ရက်လည်ပြီးမှ နားမည်ဆိုပြီး တစ်ပတ်လုံးဦးနေဒွန်း အိမ်တွင် အချိန်ကုန်ခဲ့သည်၊ ထိုတစ်ပတ်လုံး ဦးနေဒွန်းကလာသမျှ ဧည့်သည်များကို ဒိုင်ခံဧည့်ခံနေလေသည်။ သူလည်းပင်ပန်းပြီ ထင်သည်။ အန်တီဝေအတွက် ပူဆွေးသောကရောက်ရခြင်းနှင့် တစ်ချိန်မှအနားမရခြင်း တို့ကြောင့် ဦးနေဒွန်းတစ်ပတ်အတွင်းချောင် ကျသွားသည်။ ဆရာဝန်ခေါ်ပြီး ပြရ.ညှိအနေအထား ရောက်သွားသည်။ ဆရာဝန်က အားဆေးထိုးပေးခဲ့ပြီး အနားယူရန်ပြော သည်။

အန်တီဝေ ဆုံးပြီး နှစ်လအကြာတွင် ကျွန်တော်နိုင်ငံခြားသင်္ဘော တက်ခွင့်ရခဲ့သည်။ တိုင်းတစ်ပါးတွင်နေထိုင်စဉ် ညီမဖြစ်သူက စာရေးတိုင်း ဦးနေဒွန်းအကြောင်းထည့်ရေးသည်။ ညနေပိုင်းများတွင်ထမင်းမစားဘဲ အရက်ခွက်ကိုကြည့် ငေးငိုင်နေတတ်သည် ဟုသိရသည်။ အန်တီဝေနှင့် သိကျွမ်းရင်းနှီးခင်မင်သူများကို တွေ့တိုင်း ဦးနေဒွန်းစိတ်မကောင်း ဖြစ်ရသည်ဟု လည်းသိရသည်၊ အိမ်ကြီးသည်တိတ်ဆိတ်နေသည်၊ ဒေါ်မူကလည်းကျွန်တော်ပြန်လာမည့်ရက်ကို အမြဲမေးသည်ဟု သိရပြန်သည်။ ကျွန်တော်ဦးနေဒွန်းကိုသတိရနေမိသည်။

### ညနေပိုင်းများတွင် ထမင်းမစားဘဲ အရက်ခွက်ကိုကြည့်ကာ ...

နိုင်ငံခြားသင်္ဘောတွင် (၂)နှစ်ခွဲနီးပါးကြာခဲ့ပြီး အလုပ်ကိစ္စများနားရင်း အမိမြေသို့တစ်ဖန်ရောက်ခဲ့သည်။ ပြန်ရောက်ပြီး နောက်တစ်နေ့ညတွင် ကျွန်တော်ဦးနေဒွန်းဆီသို့ အလည်သွားသည်၊ အိမ်ထဲသို့လှမ်းဝင်လိုက်သည်၊ ထမင်းစားခန်းစားပွဲတွင် ဦးနေဒွန်း ကျွန်တော့်အား ကျောပေးထိုင်နေသည်။

"ဦး" ကျွန်တော် မတိုးမကျယ်ခေါ်လိုက်သည်၊ အရက်ခွက်ကိုကိုင်ထားရာမှလှည့်ကြည့်သည်။

"မောင် ဆွေ" အသံတို့တုန်ခါနေသည်လားမသိ၊ ကျွန်တော့်ကို နေရာပေးသည်။

"ကျွန်တော် မနေ့ကပဲ ပြန်ရောက်တယ်"

ဦးနေဒွန်းက ကျွန်တော့်ကို စကားတစ်ခွန်းမှ ပြန်မပြောပါ။ ကျွန်တော့်ကိုရီဝေစွာစိုက်ကြည့်နေသည်။

ကျွန်တော့်၏ နိုင်ငံခြားသင်္ဘောပေါ်မှ အတွေ့အကြုံများကိုပြောပြတော့ ငြိမ်ပြီးနားထောင်နေသည်။ တစ်ခွက်ကိုဒေါ်မူ့အားယူခိုင်းသည်။ ပြီး ကျွန်တော့်အတွက် အရက်ပြင်ပေးသည်။ ကျွန်တော့်အတွက်ဖန်ခွက် ညနေစာစားဖို့လည်း ပြောသည်။ ဒေါ်မူ့ကို ညနေစာ ပြင်ခိုင်းထားသည်။ ကျွန်တော် အားတုံ့အားနာ ဖြစ်သွားသည်။ ပေးခဲ့သည်များကို ကျေးဇူးတင်ကြောင်း ပြောသည်။ ပြောရင်းမျက်နှာ မှိုင်သွားသည်။ ကျွန်တော့်ကို အန်တီဝေ ဆုံး တုန်းက ကူညီဆောင်ရွက် မျက်နှာကိုသုတ်သည်။

မျက်ရည်တစ်စက်ကျလာသည်၊ လက်ကိုင်ပုဝါနှင့် ထပ်သုတ်သည်။ သွားပြီ၊ ကျွန်တော်လာတာမှားပြီလား၊ ခုချိန်မှထပြန်ရင်လည်း မကောင်းတော့၊ အရွယ် အိုသော်လည်း အချစ် မအိုကြောင်း သူ့မျက်ရည်များက ပြောသည်။ သူ့အချစ်သည် အန်တီဝေ့အပေါ်တွင် ထာဝရနှုံးလန်းဆန်းနေမည်ဟု ကျွန်တော်ယုံကြည်သည်။

သူ့ကျလာသောမျက်ရည်များသည် အချစ်အတွက် ဆိုလျှင် လှပသောမျက်ရည်စက်များသာ ဖြစ်လိမ့်မည်၊

### သူ ..., ကျလာသော မျက်ရည်များသည် အချစ် အတွက်ဆိုလျှင် ...

ထိုညအတွက် ဘုရားသခင်ရင်ခွင်မှာ အနားယူနေသော အန်တီဝေတစ်ယောက် ဦးနေဒွန်း၏ချစ်ခြင်း၊ လွမ်းခြင်းနှင့် မျက်ရည်များကို အသိအမှတ်ပြုဖို့ ကျွန်တော် ဆုတောင်းရဦးမည်ဖြစ်သည်။

**နေဝါထွန်း**






အသက်(၃၀)ပြည့်သည့်အထိ ဘုရားသခင်ဖန်ဆင်းထားခဲ့သည့် ကမ္ဘာကြီးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာအတိ ပြီးပြည့်စုံသည့် အဖြူရောင်လောကကြီး ဖြစ်သည်ဟု ခံစားခဲ့စမြဲဖြစ်သည်။ စိတ်နှင့်ကိုယ်အမြဲတမ်း ထပ်တူကျလျက် ရွှင်လန်းတက်ကြွမြဲ။ စိတ်တူကိုယ်တူချစ်ခင်သူ မိတ်ဆွေတွေအနားတွင် ပြည့်လျှံမြဲ။ နားအောက်တွင်တိုကပ်နေသော ဆံပင်လေးနှင့်အပြိုင်ဝတ်ဆင်ထားသော စပျစ်သီးခိုင်နားဆွဲလေးကို လှုပ်ခါရမ်းလျက် မျက်ဝန်းလေးကိုလှည့်ပတ်ကာ -- ခေါင်းမော့ရယ်မောလျှင်ပင် တင့်တယ်သောအရွယ်ဟုထင်မြဲဖြစ်သည်။

* * *

အသက် (၃၁)နှစ်အရွယ်တွင် ကျွန်မဘဝ၏ တစ်ဦးတည်းသောတွယ်မှီရာအချစ်ဆုံးဖခင်ကြီးက ကျွန်မကို စွန့်ခွာခဲ့လေသည်။ ထိုအချိန်မှစ၍ မိမိစုံမက်သည့်ပျော်ရွှင်ဖွယ်အရာများကို အမြဲတမ်း တွေးပွေ့မထားနိုင်ဟူသည့် အတွေးစဉ်ဖြင့်ဘဝခရီးကိုလျှောက်ခဲ့ရတော့သည်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း စိတ်တူကိုယ်တူမဖြစ်သူတွေ များလာသလိုထင်မိသည်။ မိမိကိုယ်၏လှုပ်ရှားမှုနှင့် မိမိစိတ်၏ ခံစားမှုတွေကလည်းအမြဲဆန့်ကျင်ဘက်ဖြစ်လာသည်။ ကျိုးကြောင်းအမျိုးမျိုးဆင်ခြင်တွေးတောကာကိုယ်နှင့်စပ်ဆိုင်သည့်အရာတွေ၊အဖြစ်အပျက်တွေ၊ လူတွေကိုခွင့်လွှတ်ခဲ့ရတော့သည်။

မိမိကိုချစ်သည် ဟုထင်သူတွေက

မိမိကိုချစ်သည်ဟုထင်သူတွေကလည်း
သစ္စာမထားတာကိုကြုံရသည်....
မိမိကိုမချစ်ဟုထင်သူ
တွေကလည်းစေတနာထားတာတွေ
ကြုံရသည်...

လည်း သစ္စာမထားတာကိုကြုံရသည်။ မိမိကိုမချစ်ဟုထင်သူတွေကလည်း စေတနာထားတာတွေကြုံရသည်။ အတိုင်းအဆမဲ့ဝမ်းသာပျော်ရွှင်ဖွယ် ရသခံစားမှုတွေမှာ ကြုံရဆုံရခဲဘိခြင်း၊ ဖခင်မဲ့ဘဝဖြင့် စိတ်လုံခြုံမှုမရှိသောကြောင့်ဖြစ်လာသည့် စိတ်ကစဉ့်ကလျား ရောဂါစွဲကပ်နေရော့လားဟုပင်ခံစားမိတော့သည်။ ။

ကျွန်မနှင့်စိတ်တူကိုယ်တူမဖြစ်သည့် လုပ်ဖော်ဆောင်ဖက်များနှင့်ကြုံဆုံ၍ စိတ်စနိုးစနောက်ဖြစ်ရသည်များလည်း မကြာခဏဖြစ်လာတတ်သည်။ ထိုအခါမျိုးတွင် ကျွန်မသည် မိမိ၏ဘဝတစ်သက်တာတွင်းစိတ်တူကိုယ်တူကြုံဆုံချစ်ခင်ခဲ့ကြသည့် သူငယ်ချင်းများကိုပြန်လည်တွေးတောလျက် ကြည်နူးဖွယ်ကာလများကို တသသလွမ်းဆွတ်ခဲ့မိပါသည်။

သူငယ်ချင်းကို ခင်တွယ်မက်မောတတ်သည့်ကျွန်မတွင် သူငယ်ချင်းအမျိုးမျိုးရှိလေသည်။ သုံးရက်ခြား၍မွေးကာ အိမ်ချင်းကပ် ကြီးပြင်းခဲ့ရသောသူငယ်

ထိုအခြင် ...
သူ့အလိုချင်ဆုံး၊ တောင့်တသော
တူကလေးကပေးသည့်
ပထမဆုံးသော ပွဲတော်
ကိုလည်း ...




"ကြို"...

ရေခဲတိုက်တံခါးက ပွင့်လာပြီး လူတစ်ဦးထွက်လာသည်။ "ဒေါ်ရွှေမိအိမ်ကလူတွေ လိုက်ခဲ့ကြပါ" ဟုထိုသူက ပြောပြီး ပြန်ဝင်သွားသည်။ အပြင်မှာ စောင့်နေသော ဆရာတစ်ဦးနှင့်အဖွဲ့ဝင်လိုက်သွားသည်။ ရေခဲတိုက်အတွင်း အခန်းတစ်ခု၏ အလယ်ရှိ စင်တစ်ခုပေါ်တွင် အဝတ်ဖြူအုပ်ထားသည့် ရုပ်ကလပ်တစ်ခု၊ ဆရာတစ်ဦးက ခေါင်းပိုင်းမှ အဝတ်ကို အသာ လှပ်လိုက်သည်။ ဒေါ်ရွှေမိကား မျက်လုံးလေးပိတ်ကာ အိပ်စက်နေသည့်အလား "အို့ အမေရယ်" ဆရာတစ်ဦးက နှုတ်မှရေရွတ်မိသည်၊ ရင်မှာ ဆို့ကြပ်လာသည်။

"ခဏဖယ်ဗျာ့ ကျွန်တော်တို့ ရေပတ်တိုက်ပေးမလို့ပါ" ဟု လုပ်သားတစ်ဦးက ဆိုလာသဖြင့် ဆရာဘဦးတို့ တစ်သိုက် နောက်သို့ အနည်းငယ် ဖယ်ပေးလိုက်ကြသည်။ ထိုလုပ်သားက အဝတ်စကို ရင်စို့အထိ ဆွဲချလိုက်သည် "ဟာ့ ရေပတ်တိုက်ဖို့ အဝတ် ဟိုဘက်အခန်းမှာ ကျန်ခဲ့တယ်၊ ခဏဗျာ" ဟုပြောကာ တစ်ဖက်ခန်းသို့ ထွက်သွားသည်။

"ဟာ"

"ဟင်"

"အို"

ကိုဘဦးတို့တစ်သိုက် အာမေဋိတ် ပြုလိုက်မိသည်။ လုပ်သားက အဝတ်စကိုလှန်ပြီး ရေပတ်တိုက်ရန် အဝတ်မေ့ကျန်သဖြင့် ကပျာကယာ သွားယူရာတွင် သူ့လက်တစ်ဖက်က အဝတ်စကို တိုက်မိသွားသည်။ သူကိုယ်တိုင်မှုကား သတိမထားမိ၊ ထို့ကြောင့် အဝတ်စသည်ပို၍ အောက်သို့လျှောကျကာ ဒေါ်ရွှေမိ၏ သားမြတ်ပေါ်သွားသဖြင့် ကိုဘဦးတို့ အာမေဋိတ် ပြုလိုက်မိကြခြင်းပင်၊

ကိုဘဦးကကပျာကယာ ပင်ပိတ်စကို ကိုင်၍ သားမြတ်ကို ဖုံးရန် ပြင်လိုက်စဉ် "မဖုံးနဲ့ဦး .. အဲဒီသားမြတ်ကို နင်သေသေချာချာဝအောင် ကြည့်ထား" ဟုအနီးတွင်ရှိသော ဒေါ်ချစ်စိန်က ကိုဘဦးလက်ကို ဆွဲထားရင်း ပြောလာသည်။

"ခင်ဗျာ..ဘာဖြစ်လို့ ဘာဖြစ်လို့လဲ ဒေါ်ချစ်"

"ဘာဖြစ်လို့လဲမေးမနေနဲ့ အဲဒီသားမြတ်တွေဟာ နင့်အတွက် သိပ်ပြီးတော့ အဓိပ္ပါယ်ရှိတဲ့ သားမြတ်တွေဘဲ"

"ခင်ဗျာ ဘယ်လို ဘယ်လို" ကိုဘဦးက ဒေါ်ချစ်စိန်ကို အံ့သြစွာ နားမလည်စွာဖြင့် မေးလိုက်မိသည်။ ဒေါ်ချစ်စိန်က

"အေးလေ ဒါတွေကိုမင်းဘယ် သိပါ့မလဲ တစ်ခြားလူတွေလည်း သိမှာမဟုတ်ဘူး ငါတောင်မှ ရွှေမိနဲ့အချစ်ဆုံးသူငယ်ချင်းမို့လို့သိရတာ၊ ဒီလိုကွဲ့ မောင်ဘဦးရဲ့" ဟုအစချီကာ မျက်ရည်စမ်းစမ်း၊ စမ်းစမ်းဖြင့် ကိုဘဦးလုံးဝ မသိရှိရသေးသော ဒေါ်ရွှေမိ အကြောင်းကို ပြောပြလေတော့သည်။

■

ရွှေမိသည်အလွန် ချောမောလှပရုံသာမက ဘာသာတရားလည်း အလွန်ကိုင်းရှိုင်းသည့် ခရစ်ယာန်ဘာသာဝင် တစ်ဦးဖြစ်သည်။ ချစ်သူဝိုင်းဝိုင်းလည်း သော်လည်း ရွှေမိအိမ်ထောင်မပြုဖြစ်၊ အကြောင်းရှိပါသည်။ ရွှေမိက မိသားစုအပေါ် အလွန်သံယောဇဉ်ကြီးသူ ဖြစ်ပါသည်၊ အဖေနှင့်အမေတို့ လယ်ယာ လုပ်ငန်းခွင် ရုန်းကန်မှုတွင် ရွှေမိကအစ်မကြီးအဖြစ် မိဘတို့နှင့်အတူရုန်းကန်ရသည်။ မောင်ငယ်၊ ညီမငယ်များကို ပြုစုကျွေးမွေးရသည်။ အထူးသဖြင့် ငယ်စဉ်ကတည်းက ခြေထောက် မသန်ရှာသော ညီမငယ် မသန်းဆင့်ကို သံယောဇဉ်အရှိဆုံး၊ အသနားဆုံး။

မိသန်းဆင့်ကလည်း မိုက်သည်။ အထွေးဆုံးဖြစ်ရုံမက မသန်မစွမ်း ဖြစ်သော်လည်း အရင်ဦးဆုံး အိမ်ထောင်ကျလေသည်။ သားသမီးကလည်း နီးသည်၊ ဟောတစ်ယောက်၊ ဟောတစ်ယောက်၊ အဖေအမေတို့ကလည်း အဆင်ပြေလှသည် မဟုတ်၍ မိသန်းဆင့်တို့ကို လှည့်မကြည့်နိုင်၊ ကလေးတစ်ပြုံကြီးနှင့် မိသန်းဆင့်တို့ အတော်ဒုက္ခရောက်ကြသည်။ တစ်နေ့စာ၊ တစ်နေ့စာပင် အနိုင်နိုင်။ နဂိုကတည်းက သနားကြင်နာတတ်သော သံယောဇဉ်ကြီးသော ရွှေမိတစ်ယောက် ညီမငယ်ကို သနားလွန်းသဖြင့် မိဘအိမ်မှ ဆင်းကာ မိသန်းဆင့်တို့ အိမ်သို့ ပြောင်းရွှေ့နေထိုင်ပြီး လုပ်ကျွေးသမှု ပြုတော့သည်။

ဤတွင် ကိုဘဆွန်းရဲ့နှင့်ရွှေမိတို့ ပြဿနာတက်ကြသည်။ ကိုဘဆွန်းရဲ့ကား ရွှေမိနှင့်နှစ်ပေါင်းများစွာ ချစ်လာခဲ့ရသည့် ငယ်ချစ်ဦး၊ ကိုဘဆွန်းရဲ့သည် ရိုးသားကြိုးစားသူ၊ ဘုရားတရားကိုင်းရှိုင်းသူ၊ ရွှေမိနှင့်ဝါသနာတူ၊ ထို့ပြင် ကိုဘဆွန်းရဲ့သည် ကျမ်းစာကျောင်း အောင်မြင်ပြီး၍ ယခုအခါတွင် ရွှေမိတို့နယ်ကို ကြည့်ရှုရသော သင်းအုပ်ဆရာတစ်ဦးပင် ဖြစ်နေပေပြီ၊ ကိုဘဆွန်းရဲ့



“ဘယ်လိုလဲမြသီတာ...ဒီကိစ္စတွေနဲ့ပဲအချိန်တွေအကုန်ခံရတော့မှာလားဟင် ”

“ဒီကိစ္စတွေအားလုံးဟာ အသင်းတော်ကိစ္စတွေပါအစ်ကို၊ ဒီကိစ္စတွေကို မြသီတာတို့မှမလုပ်ရင် ဘယ်သူတွေလုပ်မှာလဲဟင်....”

“ဒါတွေအားလုံးဟာအပိုတွေပါပဲ မြသီတာ၊ မြသီတာဒီအလုပ်တွေလုပ်နေလို့ ကိုယ့်ကိုအချိန်မပေးနိုင်တော့ဘူးမဟုတ်လား”

“ဒီလိုမပြောပါနဲ့ အစ်ကိုရယ်၊ အစ်ကိုနဲ့မြသီတာဟာ ဘဝတစ်ခုကို အတူလက်တွဲပြီး တည်ဆောက်ဖို့ရည်မှန်းထားပြီးသူတွေပါ၊ အစ်ကို့အတွက် အချိန်ပိုပေးရမယ်- အသင်းတော်အတွက် အချိန်ကိုလျှော့ရမယ်ဆိုတဲ့အတွေးအခေါ်မျိုးတော့ မတွေးစေချင်ဘူး...”

“ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ့်အတွက်တော့ မြသီတာ အချိန်ပိုပေးစေချင်တယ် ဒါဟာ ကိုယ့်ရဲ့ ဆန္ဒပဲ..”

မြသီတာ မည်သို့စကား ဆက်ရမည်ကို စဉ်းစားနေမိသည်။ မြသီတာချစ်သော ကိုဇော်က သူ့အလို၊ သူ့ဆန္ဒ၊ သူ့အတွေး၊ သူ့အပြောကို တစ်စိုက်မတ်မတ်ပြောနေ၍ မြသီတာ အဖြေရခက်နေပါသည်။ တကယ်တော့ အသင်းတော်အလုပ်ကို မစွန့်ပယ်နိုင်သလို ကိုဇော်၏ ပြုစုမှုကိုလည်း မြသီတာ မလိုလားပါ။

“ဒီမှာကြည့်စမ်း မြသီတာ ဗဟိုအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်တွေမဟုတ်လား”

ကိုဇော်က မြသီတာ စားပွဲရှိ လွယ်အိတ်ဖိုင်တွဲတစ်ခုမှ စာရွက်တစ်ရွက်ကို ထုတ်ယူရင်းပြောလာပြန်သည်။

“ဆုံးဖြတ်ချက်တွေ များသလောက် ငွေရေးကြေးရေးကိစ္စတွေချည်းပဲ..”

မလိုလားသော မကျေနပ်သော လေသံနှင့်အတူ မျက်နှာထား အမူအရာက တစ်ထပ်တည်း ဖြစ်နေ၏။

“ကိုယ့်ထမင်း ကိုယ်စားပြီး ဘာဖြစ်လို့ ဂျီးဒေါ်နွား ကျောင်းချင်ရတာလဲဟင်..ဒီဆုံးဖြတ်ချက်တွေကို မြသီတာက အကောင်အထည် ဖော်နိုင်မယ်တဲ့လား”





မြသီတာ သိပါသည်၊ ကိုဇော်၏ မကျေနပ်ချက်များကြောင့် မေးလာသော မေးခွန်းများကို မည်သို့ ပြန်လည်ရှင်းပြရမည်ကို မြသီတာ စဉ်းစားနေရပြန်ပါသည်။

“တကယ်တော့ ဒီဆုံးဖြတ်ချက်တွေဟာ အကြောင်းမဲ့သက်သက်ဆုံးဖြတ်ထားတာမဟုတ်ဘူး ကိုဇော်,အဓိပ္ပါယ်ရှိတယ် ရည်မှန်းချက်ရှိတယ် ဦးတည်ချက်တွေလည်းရှိတယ် ကိုဇော်ဒါကြောင့် အကောင်အထည် ဖော်နိုင်ဖို့ဆိုတာက တော့ကြိုးစားရမှာပဲ”

မြသီတာက လေသံအေးအေးလေးနှင့် လေးလေးနက်နက်ပြန်ပြောလိုက်သည်။

“မြသီတာကအကောင်အထည်ဖော်ချင်အုံးတော့...မြသီတာရဲ့လူငယ်တွေကလိုက်နိုင်မတဲ့လား”

ကိုဇော်က ထပ်ကွန့်လိုက် ပြန်သည်။ မြသီတာ၏မျက်နှာလေးကိုလည်း စူးစူးစိုက်စိုက် ကြည့်နေလိုက်သည်။ မြသီတာမှာ ကိုဇော့်အကြည့်ကို မ ခိုင်လို၍မျက်လွှာချရင်း-

“ဒါကတော့ လူငယ်တွေသဘော ပေါက်အောင် ရှင်းပြရမှာပေါ့ကိုဇော်ရယ် ပြီးတော့ အကောင်အထည်ဖော်နိုင်ဖို့ ဆိုတာ ဦးဆောင်တဲ့ လူရဲ့ ကြိုးစားမှုလည်း လိုသေးတယ် မဟုတ်လား-- မြသီတာတို့လို အမှုဆောင်တွေကမှ မဦးဆောင်ဘူး မလုပ်ဘူးဆိုရင် ဒီနှစ်ပတ်လည် ဆုံးဖြတ်ချက်တွေဟာ ဘာအဓိပ္ပါယ် ရှိတော့မှာလဲ ဟင်... အားလုံးက စိတ်တူ သဘောတူ ဆုံးဖြတ်ပြီးတဲ့ကိစ္စတစ်ခုကို မျက်နှာလွှဲ ခဲပစ်လုပ်လိုက်ရင် ဘယ်သူ ထိခိုက်မှာလဲ မြသီတာတို့ရဲ့ လူငယ်အသင်း မြသီတာတို့ရဲ့ အလုပ်ကိုပဲ ထိခိုက်မယ် မဟုတ်လား”

မြသီတာ၏ ရှင်းပြချက်သည် ကိုဇော်အဖို့ နားခေါင်းရှုံစရာ ဖြစ်နေသည်။ မြသီတာ၏ တင်ပြချက်သည် အသင်းတော်အပေါ် စိတ်မဝင်စားသော ကိုဇော့် ခံယူချက်နှင့် လုံးဝမဟပ်စပ်မိ။

“တော်ပါပြီ မြသီတာ တော်ပါပြီ ဒီလောက်ဆို မြသီတာရဲ့ သဘောထားကိုသိပါပြီ၊ မြသီတာဟာ အသင်းတော်ကိစ္စတွေကလွဲလို့ အခြားကိစ္စတွေကို နှလုံးသားမှာ နေရာသိပ်မပေးချင်ဘူး ဆိုတာကို ကိုယ်နားလည်ပါပြီ။ ကိုဟာ မြသီတာရဲ့ နှလုံးသားတစ်နေရာမှာ ဆက်လက်တည်ရှိဖို့ဆိုတာ ဖြစ်နိုင်ပါအုံးမလားဟင်....”

ကိုဇော်၏ သည်စကားကြောင့် မြသီတာခေါင်းကို ဆတ်ခနဲ မော့ပစ်လိုက်သည်။ နားမလည်နိုင်သော အကြည့်ဖြင့် ကိုဇော်လှမ်းကြည့်လိုက်သည်။ သည်လိုစကားလုံးများကို ကိုဇော့်ထံမှကြားရလိမ့်မည်ဟုသူမထင်ခဲ့၊လုံးဝမထင်ခဲ့ပါ။ သည် တစ်ကြိမ်တွင်ကိုဇော်ကမြသီတာကို မကြည့်၊တ နေရာသို့သာ ငေးကြည့်နေပြန်သည်။ ကိုဇော့်ကိုချက်ခြင်း ဘာပြန် ပြောရမည်ကို မြသီတာတွေးမရအောင် ဖြစ်နေရပါသည်။

“ဒီတော့ စဉ်းစားပါ မြသီတာ ကိုနဲ့မြသီတာတို့ရဲ့ဘဝလမ်းခရီးမှာ အပိုအလုပ်တွေ နေရာဝင်ယူနေမယ်ဆိုရင် ရှေ့ဆက်ပြီး သဘောထားကွဲလွဲမှုတွေ ရှိနေအုံးမှာပဲ။ ဒါကြောင့် မြသီတာရဲ့ နှလုံးသားမှာ ကိုဟာ ဆက်လက်ရှိသင့် မရှိသင့်ဆိုတာကို မြသီတာ စဉ်းစားပါ၊ စနေနေ့ ကျရင် မြသီတာရဲ့ အဖြေကို ကိုယ်သိချင်တယ်.. ဒါပဲ မြသီတာ.....”

ကိုဇော်က ပြောပြောဆိုဆို နေရာမှ ထ၍ မြသီတာအပါးမှ ထွက်ခွာသွားတော့သည်၊ မြသီတာပြန်လည်ရှင်းပြရန်ပင်အခွင့်မရ၊ ကိုဇော်နားလည်သဘောပေါက်အောင် မြသီတာစကားပြန်ခွင့်မရတော့ပါ။

တကယ်တော့ မြသီတာအဖို့ မလွယ်ပါ၊ တကယ်ပင်မလွယ်ပါ၊ ကိုဇော်ကို သူဘယ်လောက် ချစ်သည်ကိုသာ အသိဆုံး ဖြစ်ပါသည်။ ကိုဇော့်ကို သူ့ဘဝခရီး၌ ခရီးသွားဖော်အဖြစ် ရွေးချယ်အတည် ပြုထားပြီးသားလည်း ဖြစ်သည်။ ခက်သည်မှာ ခရစ်ယာန် လူငယ်တစ်ဦး ဖြစ်ပါလျက် ခရစ်တော်၏ အသင်းတော် အလုပ်တွင် တစ်ခုအပါအဝင်ဖြစ်သော လူငယ်လုပ်ငန်းကို ကိုဇော် စိတ်မဝင်စားခြင်းဖြစ်သည်။ စင်စစ်ထိုသို့ စိတ်မဝင်စားသူ တစ်ယောက်ကို စိတ်ဝင်စားလာအောင် စည်းရုံးသိမ်းသွင်းရန် အလုပ်ကိုလည်း မြသီတာ ဝါသနာပါ ပါသည်။ ကိုဇော့်မေတ္တာကို လက်ခံခဲ့စဉ်က အကျင့်စာရိတ္တ ကောင်းမွန်မှု တစ်ခုတည်းကို တွက်ချက်ပြီး အဆုံးအဖြတ် ပေးခဲ့သည် မဟုတ်ပါ၊ လူငယ်လှုပ်ရှားမှု အတွင်း ပါဝင်ဆပ်ကပ်လာရန်လည်း မြသီတာတွင် ရည်ရွယ်ချက်ရှိနှင့်ပြီး ဖြစ်သည်။

လက်ရှိအနေအထားအရ သူမ၏ စည်းရုံးမှုမှာ အောင်မြင်မှုမရဘဲ ဖြစ်နေသည်။ အသင်းတော် လုပ်ငန်းအပေါ်ထားရှိသော သူမ၏ ဆန္ဒကို ကိုဇော်သဘော မပေါက်ပဲ ဖြစ်နေသည်။ လူငယ်လုပ်ငန်းအပေါ် ပေးထားသည့် အချိန်အပေါ် ကိုဇော် သည်းမခံနိုင်အောင် ဖြစ်လာရသည်။ အဆုံးတွင် ကိုဇော်က သူနှင့်ဆက်လက်ပြီး လက်တွဲနိုင် မနိုင်ဆုံးဖြတ်ရန် စိန်ခေါ်လာပြန်သောအခါ မြသီတာ ဘာလုပ်ရမည်နည်း။

အခက်ဆုံးက လူငယ်နှစ်ပတ်လည် အစည်းအဝေးတတ်ရောက်ခဲ့ပြီး ဆုံးဖြတ်ခဲ့သည့် ကိစ္စရပ်များကို ဆက်လက် အကောင်အထည်ဖေါ်ရန် ဖြစ်သည်။ ဤသည်ကို တွေးမိတိုင်း သက်ပြင်း ရှည်များ အကြိမ်ကြိမ်ချခဲ့ရသည်။ ကိုဇော် ပြောမည်ဆိုလျှင်လည်း ပြောစရာပင်။ သည်နှစ် နှစ်ပတ်လည် အစည်းအဝေးဆုံး ဖြတ်ချက်များတွင် ငွေရေးကြေးရေးကိစ္စ အများဆုံးပါဝင်နေသည်။ ဤသည်က မြသီတာတို့ အသင်းခွဲ အမှုဆောင်များအတွက် ခေါင်းခဲစရာ မဟုတ်လား..။

မယ်ထင်တယ်”

မြသီတာ ကောင်းစွာ နားထောင်ပါသည်။ တစ်ဦးချင်း၏ ဆန္ဒသဘောထားကို လေးလေးနက်နက် ခံယူပါသည်။ လူငယ်များ၏ တင်ပြမှုအပေါ်ကြားသိရသည့်နှင့်အညီ အားတက်လာရသည်။ မိမိနှင့်အတူ ဘုရားသခင်တည်ရှိကြောင်း သိမြင်လာရသည်။ လူငယ်အားလုံးသည် ခရစ်တော်ဘုရား၏ ကူညီမစမှုဖြင့် အမှုဆောင်အဖွဲ့နှင့်အတူတူ စုစည်းညီညွတ်စွာ လုပ်ဆောင်ကြတော့မည်။

“ကဲ ကျွန်မမေးမယ် သဘောတူရင် ဖြေကြပါ...”

အားလုံးကို အကဲခတ်ရင်း မြသီတာ စကား စလိုက်သည်။

“မြစ်ကြီးနား လူငယ်ထု ခမ္မဒိုးနေ့ဖလှယ်ပွဲမှာ လူငယ်တွေသွားကြဖို့သဘောတူလား” “တူတယ်”

“အခြား ဆုံးဖြတ်ချက်တွေကိုကော အတူတူလက်တွဲ အကောင်အထည်ဖော်ဖို့သဘောတူလား” “တူတယ်”

“အခက်အခဲအားလုံးကို အတူတူကြိုးစားပြီး ဖြေရှင်းဖို့ကော” “အဆင်သင့်ပါ”

လူငယ်အားလုံး၏ မျက်နှာတွင် ရွှင်လန်းခြင်းများဖြင့် ပြည့်စုံလျက်ရှိပါသည်။ တက်ကြွသော စိတ်ဓာတ်နိုးကြားသော အသိများက လူငယ်များ၏ဟန်အမူအရာ၌ အထင်အရှားပေါ်လွင်နေသည်။ မြသီတာခမျာ ဝမ်းသာမှုများအကြားမှ ကိုဇော်ကို တိတ်တခိုး လှမ်းကြည့်လိုက်မိသေးသည်။ တစ်ဖက်မှရလိုက်သော အဖြေသည် တိုင်းတာ၍ မရနိုင်လောက်အောင်ဝမ်းသာသော်လည်း တစ်ဖက်မှအဖြေကိုကား မြသီတာ ရင်ခုန်စွာ မျှော်ရပေဦးမည်။

ချစ်ဦးသူဖြစ်သော ခရစ်တော်ဘုရားအတွက် မြသီတာက သည်လိုဆုံးဖြတ်၍ ချစ်ဖူးသူကိုဇော်၏ စွန့်ခွာကျောနိုင်းခြင်းကို ခံရလေဦးမလား။

ချစ်ဦးသူအတွက် ဦးစားပေးဆောင်ရွက်ရခြင်း၏ သဘောကို ချစ်ဖူးသူတစ်ယောက်နားလည်နိုင်ပါစေ ဟူ၍သာ ကြိတ်မှိတ်ဆုရတောင်းနေမိပါသည်။

“ကဲ အားလုံး ဘုရားကျောင်းကို သွားကြရအောင် ကျွန်မတို့ရဲ့ ရှေ့လုပ်ငန်းစဉ်အတွက် အတူတူ ဝတ်ပြုဆုတောင်းခြင်းနဲ့ စကြရအောင်လား”

အစည်းအဝေးကို ရုပ်သိမ်းလိုက်ပြီး အားလုံး ဘုရားကျောင်းဘက်သို့ထွက်ခွာသွားကြသည်။ မြသီတာလည်း စာရွက်စာတမ်းနှင့် ဖိုင်တွဲများအား သိမ်းဆည်းပြီး နေရာမှထလိုက်သည်။ အိမ်၏ ထောင့်စွန်းတစ်နေရာတွင် ငုတ်တုတ် ထိုင်လျက်ရှိသော ကိုဇော်ကို မသိမသာ တစ်ချက်လှမ်းကြည့်မိပြန်သည်။ ကိုဇော်သည် မလှုပ်မယှက် အငူသား ထိုင်လျက်ပင်ရှိနေသည်။

“ကိုဇော် လိုက်ခဲ့နော်”

တစ်ခွန်းသာပြော၍ ဘုရားကျောင်း ရှိရာသို့မြသီတာ ထွက်လာခဲ့ပါသည်။

ပ

ခုလောက်ဆို မြသီတာ၏အဖြေကို ကိုဇော်တစ်ယောက် နားလည်လောက်ပေပြီ၊သဘောလည်းပေါက်လောက်ပေပြီ

စနေ့နေ့တွင် သိချင်ပါသည်ဆိုသော အဖြေကို မြသီတာပေးလိုက်ပြီ မဟုတ်လား။

တစ်စုံတစ်ယောက်သည် တစ်ခုခုကို ရွေးချယ်တော့မည်ဆိုပါက ချစ်ဖူးသူထက်ချစ်ဦးသူ အတွက်သာ ရွေးချယ်ရမည်မဟုတ်ပေ။

မည်သူမဆို ချစ်ဦးသူကိုသာလျှင် အချစ်ဆုံး ဖြစ်ပေလိမ့်မည်။ ရက်၊လ၊နှစ်ကာလများ ပြောင်းလဲ၍ချစ်ဦးသူကို မည်သူမျှ မေ့နိုင်စွမ်းအား ရှိနိုင်မည်မဟုတ်ပါ။

တကယ်တော့ မြသီတာသည် ချစ်ဦးသူ ခရစ်တော်ဘုရားထံသို့ တိုးဝင်ချဉ်းကပ်ရန် ရွေးချယ် လျှောက်လှမ်းခဲ့ပြီဖြစ်သလို ကိုဇော်တစ်ယောက်လည်း ချစ်ဦးသူထံ လျှောက်လှမ်းလိုပါသည်။ ချစ်ဦးသူမရှိဘဲ ချစ်ဖူးသူများ၏ ဘဝသည် မည်သို့သာယာနိုင်မည်နည်း။

ဒါကို ကိုဇော် တစ်ယောက် သဘောပေါက် သိမြင်ပါစေဟုသာ လမ်းလျှောက်ရင်း ဆုတောင်းရပြန်သည်။

မြသီတာသည် ဘုရားကျောင်းလှေခါးထစ်ပေါ်သို့ လှမ်းတက်ရင်း လာရာလမ်းဆီသို့ အလိုအလျောက် သမင်လည်ပြန် ကြည့်မိသည်။

မြသီတာ၏ နှလုံးသားဝယ် စမ်းရေ အေးသလို စိမ့်အေးသွားရပါသည်။ မကြာမီလည်း သည်သတင်းသည် ပန်းမွှေးသလို မွှေးကြိုင်လာရပေဦးမည်တကား။ ကိုဇော်တစ်ယောက် ဘုရားကျောင်း ရှိရာသို့ တစ်လှမ်းချင်း လှမ်း၍ လျှောက်လာနေပြီ မဟုတ်လား။

ထိုအချိန်၌ ဘုရားကျောင်း ခေါင်းလောင်းသံသည် ပတ်ဝန်းကျင်တစ်ခွင် ပြန့်လွင့်၍ ထွက်ပေါ်လာသည်။ ဤခေါင်းလောင်းသံသည် ယခင် ယခင်က ခေါင်းလောင်းသံများထက် ထူးခြားစွာဖြင့် သာယာငြိမ့်ညောင်း နေကြောင်း မြသီတာ ခံစားလိုက်မိ ပါတော့သည်။

ပြည်ငြိမ်းအေး

---

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် နှင့် ပတ်သက်သမျှ

# သိမှတ်ဖွယ်ရာ



## သမိုင်းအကျဉ်း ..

နောင်တွင်သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ဖြစ်လာမည့်မြေနေရာကိုဘုန်းတော်ကြီးဂျော့၊ အယ်ပယ်လ်တန်ဦးဆောင်မှု
ဖြင့်၊ ယခုလက်ရှိနေရာ (၁၀၄)အင်းလျားလမ်းတွင် မြေနေရာကိုရယူနိုင်ခဲ့ပါသည်။ ၁၉၃၄–ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင်
အဆောက်အဦအတွက် အိန်၊ပါ၊မြန်၊သိ သာသနာပိုင်ချုပ်ကြီးပေါ့စ်ဝက်စ်ကော့က အုတ်မြစ်ချပေးခဲ့ပါသည်။ ၁၉၃၅–ခုနှစ်၊
ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင်ရန်ကုန်သာသနာပိုင်နယ်၏ ဆဋ္ဌမမြောက်သာသနာပိုင်ဖြစ်သူ ဂျော့ချ်၊ဝက်စ်ကအနုမောဒနာပြုလုပ်ပြီး
ဖွင့်ခဲ့သည်။ ကျောင်းကိုသန့်ရှင်းသောကားတိုင်ကောလိပ်ဟု ခေါ်တွင်စေခဲ့သည်။
၁၉၇၀–ခုနှစ်နောက်ပိုင်းတွင် အဆင့်မြင့်ဓမ္မပညာဘွဲ့ရအမှုတော်ဆောင်များပေါ်ထွက်လာရေးအတွက် ဆယ်တန်း
(က)အောင်မြင်သူများကိုသာလက်ခံရန်သတ်မှတ်ခဲ့ကြသည်။ ၁၉၇၆–ခုနှစ်တွင် ကျောင်းအုပ်ဖြစ်သူဘုန်းတော်ကြီးကင်ဖွန်အက်စ်စံဟူး
အနားယူ၍ ဘုန်းတော်ကြီးအက်စ်စံရွှေ ကျောင်းအုပ်တာဝန်ယူသောအခါ ကျောင်းနာမည်ကို “သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်”ဟု
ခေါ်တွင်စေပြီးစီမံအုပ်ချုပ်ရေးအဖွဲ့ဖြင့်စနစ်တကျအုပ်ချုပ်ခဲ့ပါသည်။ ဓမ္မတက္ကသိုလ်တွင်အမျိုးသမီးများကိုပါစတင်လက်ခံခဲ့သည်။
ထိုမှတဆင့် ဓမ္မတက္ကသိုလ်သင်ကြားရေးအဆင့်မြင့်လာစေရန်အတွက် (၁၀)နှစ်စီမံကိန်းကို ၁၉၈၄–ခုနှစ်တွင်စတင်ရေးဆွဲပြီး
ဆရာများအဆင့်မြင့်ပညာဆည်းပူးရေးကို ၁၉၈၆–ခုနှစ်တွင်စတင်ခဲ့သည်။
အရှေ့တောင်အာရှသီအြလိုဂျီ ပညာရေးအဖွဲ့မှ အသိအမှတ်ရပြုခြင်းမခံရသေးသော်လည်း ဘီတီအိပ်(ချ)ဘွဲ့နှင်းခြင်းကို
၁၉၉၃–ခုနှစ်တွင် (၇)ဦး၊ ၁၉၉၅–ခုနှစ်တွင် (၁၂)ဦးတို့ဖြင့် နှစ်ကြိမ်တိုင်ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

## ကောလိပ်နှင့်ကျောင်းစဉ်

၁၉၉၅-၉၆-ခုနှစ်

### ထာဝရဘုရား၏အမှုတော်ကိုဝမ်းမြောက်စွာဆောင်ရွက်ကြလော့" ဆာ ၁၀၀း၂

(၁)နာခံခြင်း (၂)ငြိမ်းချမ်းခြင်း (၃)စင်ကြယ်ခြင်း

## ဒိုရှိဆောက်အဖွဲ့ဝင်များ

အမှုဆောင်အဖွဲ့ဝင်များ

(က) ၁၉၉၃-၉၅ခုနှစ်အတွက်စီမံကွပ်ကဲညွှန်ကြားရေးဘုတ်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သာသနာပိုင်ချုပ် အန်ဒရေဦးမြဟန် (သဘာပတိ)
၂။ သာသနာပိုင် ဂျော့ကျော်မြ (၁၉၉၄ ခုနှစ်မတ်လအထိ)
၃။ သာသနာပိုင် တီမောသေမြဝါး (၁၉၉၄ ခုနှစ်မတ်လအထိ)
၄။ သာသနာပိုင် ဗါနဗထောင်ဇော့
၅။ သာသနာပိုင် အဖြူးလှအောင်
၆။ သာသနာပိုင် ဒယ်နီရယ်ဝိုက်ကျင်း
၇။ သာသနာပိုင် ရွှန်၊ရှန်လုံ
၈။ သာသနာပိုင် ရွှန်ဝေးလ်မီ
၉။ လ/ထသာသနာပိုင် မန်းစံစိန္တေး (၁၉၉၃-မတ်လအထိ)
၁၀။ လ/ထသာသနာပိုင် ဂျိုးဇက်သန်းဖေ
၁၁။ ဂိုဏ်းထောက် ဂျေမြသန်း
၁၂။ ဂိုဏ်းထောက် ဂျေတင်မောင်
၁၃။ ဂိုဏ်းထောက် ဂျေဘိုးချို
၁၄။ ဂိုဏ်းထောက် ဂျီတောမွား
၁၅။ ဘုန်းတော်ကြီးကင်နွန်အက်စ်ဝါရှင်တန်
၁၆။ ဘုန်းတော်ကြီးဒီသန်းလွင်
၁၇။ ဦးခင်မောင်ကြီး
၁၈။ ဦးလဘန်နော်
၁၉။ ဦးကျော်ထွန်း
၂၀။ ဦးစည်သူ
၂၁။ ဦးမောင်မောင်ကြီး
၂၂။ ဦးကိုရေး

(ခ) ၁၉၉၃-၉၄ ခုနှစ်အတွက်စီမံအုပ်ချုပ်ရေးကော်မတီဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဘုန်းတော်ကြီးရွှန်ဝေးလ်မီ (သဘာပတိ) ၁၉၉၄-ခုနှစ်ဧပြီလအထိ။
၂။ ဘုန်းတော်ကြီးအက်စ်ထန်အုပ် (သဘာပတိ)
၃။ ဘုန်းတော်ကြီးမန်းဇော်လွင် (အတွင်းရေးမှူး)
၄။ ဦးပီတာမြဖေ (ဘဏ္ဍာရေးမှူး)
၅။ သာသနာပိုင်မန်းစံစိန္တေး (အဖွဲ့ဝင်)
၆။ ဦးသွင်ထွန်း (အဖွဲ့ဝင်) ၁၉၉၄-ခုနှစ်မတ်လအထိ
၇။ ဒေါက်တာနော်သာစော (အဖွဲ့ဝင်) ၁၉၉၄-ခုနှစ်ဖေဖော်ဝါရီလအထိ
၈။ ဒေါ်သန်းသန်းမြ (အဖွဲ့ဝင်) ၁၉၉၄-ခုနှစ်ဇူလိုင်လအထိ
၁၀။ ဘုန်းတော်ကြီး ဒီသန်းလွင် (အဖွဲ့ဝင်)
၁၁။ ဆရာဦးအောင်လှထွန်း (အဖွဲ့ဝင်)
၁၂။ ဒေါ်သက်သက်ထွန်း (အဖွဲ့ဝင်)

## ဆရာ/ဆရာမများ

(၁) အချိန်ပြည့်။

၁။ ဘုန်းတော်ကြီးအက်စ်ထန်အုပ် (ကျောင်းအုပ်)
၂။ ဘုန်း/စောမောင်ဒီ
၃။ ဘုန်း/ဘီဘင်ထူး
၄။ ဘုန်း/ဇော်လွင်
၅။ ဘုန်း/အက်စ်သန်းမြင့်ဦး (စာကြည့်တိုက်မှူးနှင့်မှတ်တမ်းရေးသူ)

(၂) အချိန်ပိုင်းဆရာ၊ဆရာမများ။

၁။ ဘုန်းတော်ကြီးဒီသန်းလွင် (၁၉၉၄-ခုနှစ်ဇွန်လမှ)
၂။ သိက္ခာတော်ရဆရာ စမစ်ငွေလ်ဇာထောင်း
၃။ ဆရာဦးအောင်လှထွန်း (၁၉၉၄-ခုနှစ်ဇွန်လမှ)
၄။ ဒေါက်တာအိုက်ဇက်မတ်ခ်စ်



၅။ ဆရာဦးစောဖိုးစိန် (၁၉၉၅-ခုနှစ်ဇွန်လမှ)
၆။ မစစ္စဗွိဘက်နက် (၁၉၉၅-ခုမေလအထိ)
၇။ ဆရာမကြီးဒေါ်စိုစာရီ (၁၉၉၅-ခုဇွန်လအထိ)
၈။ ဆရာစံမြတ်ရွှေ (၁၉၉၅-ခုဇွန်လမှ)
၉။ ဆရာမအယ်မရေးလာမြတ် ၉၄-ခုဇွန်လမှ)
၁၀။ ဆရာမဒေါ်ရှီဘာမှုးဗင်း (၁၉၉၅-ခုဇွန်လမှ)
၁၁။ ဆရာစောစီးဟဲ

## ကျောင်းသားကော်မတီ

၁။ ပြည်တိုင်း (သဘာပတိ)
၂။ စိုးသိန်း (အတွင်းရေးမှူး)
၃။ သန့်ဇင်အုန်း (ဘဏ္ဍာရေးမှူး)
၄။ မောင်မောင်နိုင် (တွဲဘက်ဘဏ္ဍာရေးမှူး)
၅။ စံမြတ်ရွှေ (မိတ်သဟာယနှင့်စည်းရုံးရေးမှူး)
၆။ အောင်ခိုင်ညွန့် (ဝတ်ပြုခြင်းတာဝန်ခံ)
၇။ ကျော်မျိုးနိုင် (စားသောက်ရေးတာဝန်ခံ)
၈။ ကျော်ထိန်လင်း (အားကစားတာဝန်ခံ)
၉။ နော်မာသ (အမျိုးသမီးတာဝန်ခံ)
၁၀။ နော်သက်လေထူး (စတုတ္ထနှစ်အတန်းကိုယ်စားလှယ်)
၁၁။ သိန်းတုတ် (တတိယနှစ်အတန်းကိုယ်စားလှယ်)
၁၂။ ဆလိုင်းဒါဝိတ် (ပဉ္စမနှစ်အတန်းကိုယ်စားလှယ်)။

## ကျောင်းအုပ်ပြောင်းလဲခြင်း..

၁၉၉၃-ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ကျင်းပပြုလုပ်ခဲ့သော (၁၃)ကြိမ်မြောက်သာသနာ့လွှတ်တော်ချုပ်မှ တောင်ငူသာသနာပြု သာသနာပိုင်နယ်ကိုပြည့်ဝသောသာသနာပိုင်နယ်အဖြစ် အသိအမှတ်ပြုလိုက်ရာနယ်စီးသာသနာပိုင်ကြီးတစ်ပါး ရွေးကောက်ရန်လိုအပ်လာပါသည်။ ရွေးကောက်ပွဲတွင်သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ကျောင်းအုပ်ဖြစ်သူဘုန်းတော်ကြီး ရွှန်ဝေးလ်မီရွေးကောက်ခံရသဖြင့် ၁၉၉၄-ခုနှစ်ဧပြီလကုန်တွင် တောင်ငူသို့သာသနာပိုင်အဖြစ် ပြောင်းရွှေ့ခဲ့ရပါသည်။

ကျောင်းအုပ်သစ်အဖြစ် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် အထွေထွေအတွင်းရေးမှူးဖြစ်သူဘုန်းတော်ကြီးအက်စ်ထန်အုပ်အား ၁၉၉၄-ခုနှစ်မေလ(၂)ရက်မှစတင်ခန့်အပ်ပါသည်။

## ကျောင်းသားရေးရာ..

(က) ၁၉၉၅-ခုနှစ် မတ်လတွင် (၄)နှစ်သင်တန်းအောင်မြင်ပြီးဆုံးသူ (၁၀)ဦးရှိပါသည်။ ၎င်းတို့မှာ-

၁။ ဦးစိန်အောင် (စစ်တွေသာသနာပိုင်နယ်)
၂။ ရွှန်ကိုက်အောင် (စစ်တွေသာသနာပိုင်နယ်)
၃။ သောမတ်စ်စိုးလွင် (ရန်ကုန်သာသနာပိုင်နယ်)
၄။ ဝင်းနန္ဒာထွန်း (ရန်ကုန်သာသနာပိုင်နယ်)
၅။ အောင်မျိုးထွန်း (ရန်ကုန်သာသနာပိုင်နယ်)
၆။ စောအယ်လယ်ဂေစေး (ဘားအံသာသနာပိုင်နယ်)
၇။ နော်ရှဲရှီဖေါ (ဘားအံသာသနာပိုင်နယ်)
၈။ ဦးဟောလွန်း (လော်ပေါ်နှစ်ခြင်းအသင်းတော်)
၈။ နော်ပသီဖေါ (တောင်ငူသာသနာပိုင်နယ်)
၁၀။ အက်စတာရွယ်လုံ (မြစ်ကြီးနားသာသနာပိုင်နယ်)

(ခ) ၁၉၉၅-၉၆-ခုနှစ်စာသင်နှစ်တွင်ကျောင်းသူကျောင်းသားပေါင်း (၂၂)ဦးရှိသည်။

ပဉ္စမနှစ်-

၁။ စံမြတ်ရွှေ (ရန်ကုန်သာသနာပိုင်နယ်)
၂။ ဆလိုင်းဒါဝိတ် (ရန်ကုန်တက္ကသိုလ်)
၃။ မောင်မောင်နိုင် (ရန်ကုန်သာသနာပိုင်နယ်)
၄။ အေ၊ မျိုးထက်နိုင်(မန္တလေးသာသနာပိုင်နယ်)
၅။ စောဟောစရီ (တောင်ငူသာသနာပိုင်နယ်)
၆။ စောစနီးရီစိုး (တောင်ငူသာသနာပိုင်နယ်)
၇။ ကျော်ထိန်လင်း (တောင်ငူသာသနာပိုင်နယ်)
၈။ စောစစ်ကျော် (တောင်ငူသာသနာပိုင်နယ်)
၉။ စောနီကမ္ဘီး (တောင်ငူသာသနာပိုင်နယ်)
၁၀။ နော်အိုမူဖေါ (တောင်ငူသာသနာပိုင်နယ်)
၁၁။ မောင်လိုင်းတုံ (စစ်တွေသာသနာပိုင်နယ်)
၁၂။ မောင်ဟွေထွန်း (စစ်တွေသာသနာပိုင်နယ်)
၁၃။ မောင်နန်းလုံး (စစ်တွေသာသနာပိုင်နယ်)
၁၄။ မကေထွန်းယဒ် (စစ်တွေသာသနာပိုင်နယ်)

တတိယနှစ်

၁။ စိုးသိန်း (စစ်တွေသာသနာပိုင်နယ်)
၂။ ကျော်မျိုးနိုင် (မန္တလေးသာသနာပိုင်နယ်)
၃။ သန့်ဇင်အုန်း (ရန်ကုန်သာသနာပိုင်နယ်)
၂။ သိန်းတုတ် (စစ်တွေသာသနာပိုင်နယ်)
၄။ အောင်ခိုင်ညွန့် (တောင်ငူသာသနာပိုင်နယ်)

စတုတ္ထနှစ်

၁။ ပြည်တိုင်း (စစ်တွေသာသနာပိုင်နယ်)
၂။ နော်မာသ (ရန်ကုန်သာသနာပိုင်နယ်)
၃။ နော်သက်လေထူး(ဘားအံသာသနာပိုင်နယ်)

(ဂ) ဒုတိယအကြိမ် (B.Th) ခေါ်ဓမ္မဝိဇ္ဇာဘွဲ့အပ်နှင်းခြင်း။

ဒုတိယအကြိမ်ဓမ္မဝိဇ္ဇာဘွဲ့အပ်နှင်းခြင်းကို ၅-၃-၉၅ရက်နေ့တွင်ရန်ကုန်မြို့ရှိသန့်ရှင်းသောတြိနတီကသီဒြယ်ဘုရားကျောင်းတော်၌ပြုလုပ်ခဲ့ပါသည်။ ၎င်းအချိန်တွင်ဘွဲ့အပ်နှင်းခံရသူများမှာ–

၁။ ဦးစိန်အောင် (စစ်တွေသာသနာပိုင်နယ်)
၂။ ရွှန်ကိုက်အောင် (စစ်တွေသာသနာပိုင်နယ်)
၃။ သော်မတ်(စ်)စိုးလွင် (ရန်ကုန်သာသနာပိုင်နယ်)
၄။ ဝင်းနန္ဒာထွန်း (ရန်ကုန်သာသနာပိုင်နယ်)
၅။ အောင်မျိုးထွန်း (ရန်ကုန်သာသနာပိုင်နယ်)
၆။ ဦးဟောလွန်း (လော်ဝေါနှစ်ခြင်းအသင်းတော်)
၇။ ရယ်ဂျိနယ်ဘက်နက် (ရန်ကုန်သာသနာပိုင်နယ်)
၈။ စောဂျက်စတီး (တောင်ငူသာသနာပိုင်နယ်)
၉။ နော်ပသီဖေါ (တောင်ငူသာသနာပိုင်နယ်)
၁၀။ စောအယ်လယ်ဂေစေး(ဘားအံသာသနာပိုင်နယ်)
၁၁။ နော်ရှဲရှီဖေါ(**ဘားအံ**သာသနာပိုင်နယ်)
၁၂။ အက်စတာရွယ်လုံ (မြစ်ကြီးနားသာသနာပိုင်နယ်)

## ဘဏ္ဍာရေးအခြေအနေ

(က) ၁၉၉၃–ခုနှစ်၊ ဝင်ငွေ ၇၅၆၄၅၆း ၁၅ါး ထွက်ငွေ ၄၇၁၉၈၆း ၀၄ါး
သာသနာပိုင်ချုပ်ရုံးမှထောက်ပံ့ငွေကျပ် ၁၀၀၀၀၀း ၀၀ ပါဝင်ပါသည်။
(ခ) ၁၉၉၄–ခုနှစ်၊ ဝင်ငွေ ၁၃၆၂၈၁၇း ၆၉ ထွက်ငွေ ၆၉၄၈၉၆း ၁၆
သာသနာပိုင်ချုပ်ရုံးမှထောက်ပံ့ငွေ ၁၀၀၀၀၀း ၀၀ ပါဝင်ပါသည်။

## ရှေ့လုပ်ငန်းစဉ်များ

(က) စာကြည့်တိုက်ကို ၁၉၉၅–ခုနှစ်အတွင်းစတင်ဆောက်လုပ်ရန်။
(ခ) စာကြည့်တိုက်အတွက် လိုအပ်သောစာအုပ်များကို ဆက်လက်စုဆောင်းရန်။
(ဂ) ဆရာ၊ဆရာမပျိုးထောင်ပေးခြင်း ဆက်လက်ဆောင်ရွက်ရန်။
(ဃ) လက်ရှိဆရာများအဆင့်မြင့်ဓမ္မပညာဆည်းပူးခြင်းကိစ္စဆက်လက်ဆောင်ရွက်ရန်။
(င) ဓမ္မပညာသင်ကြားရေးစနစ်ကိုအသင်းတော်လိုအပ်ချက်နှင့်အညီ ခေတ်မှီသင်ကြားရေးအတွက်သင်ရိုးညွှန်းတမ်းရေးဆွဲရန်။
(စ) ကွင်းဆင်းခြင်းနှင့်လုပ်ငန်းလေ့လာခြင်းအစီအစဉ်များကို ပိုမိုထိရောက်စွာဆောင်ရွက်–ားရန်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီးကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန်ခွန်အားပေးတော်မူသောဘုရားရှင်၏ ကျေးဇူးတော်ကိုချီးမွမ်းပါသည်။ လမ်းညွှန်ကူညီပေးမကြသောသာသနာပိုင်ချုပ်မှစ၍ သာသနာပိုင်ကြီးများ၊ ဘုန်းတော်ကြီးများ၊ ဗဟိုကော်မတီ အဖွဲ့ဝင်လူကြီးများ၊ အလှူရှင်များနှင့် စိတ်ဝင်စားစွာမေတ္တာပို့ကူညီကြသောအသင်းသူ/သားများအားလုံးကိုအထူး ကျေးဇူးဥပကာရတင်ရှိပါသည်။

◘ နှစ်ဝဉ်ကုန်ချေ့၊ နှန်းမြင့်မားလာသည်နှင့်အမျှကျောင်း၏ အသုံးစရိတ်သည်လည်းနှစ်ဝဉ်မြင့်တက်လျက် ရှိပါသည်။ စေတနာရှင်ယုံကြည်သူ အပေါင်းတို့၏ အဖက်ဖက်မှကူညီမှုများကိုအစဉ်မျှော်လင့်လျက်ရှိနေပါသည်။

## ချစ်မိတ်ဆွေ/

လယ်ပြင်စပါးခင်း၊ မှည့်ဝင်းလို့နေသည်မို့၊
ရိတ်သိမ်းဖို့သင့်ကို၊ သခင်အလိုရှိနေပါသည်၊
စိတ်နှလုံးကိုအသစ်ပြင်ဆင်လျှက် အနာဂါတ်
အသင်းတော်ရှင်သန်နိုးကြားတိုးပွားစေဖို့ရန် အသက်တာကို
ဆက်ကပ်အစေခံမည့် သင့်အား .......
"သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်"ကြီးက
အစဉ်သဖြင့် ဝမ်းပန်းတသာ ကြိုဆိုနေပါသည်။
လှမ်းခဲ့ပါ ...... အားမန်အပြည့်ဖြင့်
အရောက်လှမ်းခဲ့ပါ .......။


| | |
|---|---|
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၃/၉၆ (၃) |
| စာမူခွင့်ပြုချက်အမှတ် | ၃၉/၉၆ (၂) |
| ထုတ်ဝေသူ | စိတ်ဓါတ်မြသန်း၊ အသိုင်းအဝိုင်းစာပေ (၀၁၅၀)၊<br>၃၅ - သမာဓိလမ်း၊ ခွဲဆုံရပ်၊ ကမ္ဘာအေး။ |
| အတွင်းနှင့်အဖုံးပုံနှိပ် | ဒေါက်တာအေးအေးမြင့်၊ မြစ်မခအော့(ဖ်)ဆက်၊ မြဲ(၀၃၉၉၉)၊<br>အမှတ် ၁၁၂/၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| စောင်ရေ | (၁၀၀၀) |
| တန်ဖိုး | (၃၀ - ကျပ်) |